၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.836, October 16, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးကြိုးပမ်းပေးဖို့ ဒေါ်အောင်ဆန်းစုကြည် ပန်ကြား

**VOA ၊ အောက်တိုဘာ ၁၀ ။** ။ နှစ်ပေါင်းများစွာ တရားဥပဒေစိုးမိုးရေး ကင်းမဲ့တဲ့ဒဏ်ကို ခံခဲ့ရတဲ့ မြန်မာနိုင်ငံသားတွေ တရားဥပဒေစိုးမိုးမှုရဲ့အသီးအပွင့်ဖြစ်တဲ့ ဒီမိုကရေစီ၊ လွတ်လပ်မှုနဲ့ လုံခြုံမှုကိုရဖို့အတွက် နိုင်ငံတကာက ဝိုင်းပြီးကူညီကြဖို့ ချက်ပြည်သူ့သမ္မတနိုင်ငံမှာ မနေ့က စကျင်းပတဲ့ ၁၅ ကြိမ်မြောက် Forum 2000အစည်းအဝေးတက်ရောက်လာသူတွေကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဗွီဒီယိုမိန့်ခွန်းကတဆင့် ပန်ကြားလိုက်ပါတယ်။အပြည့်စုံကို ဒေါ်ခင်မျိုးသက်ကတင်ပြထားပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးက အစိုးရကိုယ်စားလှယ်တွေ၊ လူမှုအခြေပြုအဖွဲ့အစည်းတွေ၊ ကျွမ်းကျင်ပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေနဲ့ လေ့လာသူတွေ ထောင်နဲ့ချီ တက်ရောက်လာတဲ့ Forum 2000 ရဲ့ (၁၅) ကြိမ်မြောက် အစည်းအဝေးကို ချက်ပြည်သူ့သမ္မတနိုင်ငံ Prague မြို့မှာ တနင်္ဂနွေနေ့က စတင်ကျင်းပခဲ့တာပါ။ ၁၉၉၇ ခုနှစ်မှာ ဒီအဖွဲ့ဖြစ်မြောက်ဖို့အတွက် စတင်လှုပ်ရှားခဲ့တဲ့ ချက်သမ္မတဟောင်း ဗားဆလပ်ဟာဗဲလ် (Vaclav Havel) က အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါတယ်။

"ဒီနှစ်အတွက် Forum 2000 ရဲ့ဆွေးနွေးမှုမှာ ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးတို့ရဲ့ ဆက်နွယ်မှုတွေကို အဓိကဦးတည်ပြီးဆွေးနွေးလေ့လာမှာဖြစ်တယ်။"-လို့ မစ္စတာဟာဗဲလ်က ပြောကြားခဲ့ပါတယ်။

အောက်တိုဘာ ၉ ရက်ကနေ ၁၁ ရက်နေ့အထိ သုံးရက်ကြာဆွေးနွေးပွဲအတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဗွီဒီယိုရုပ်သံကတဆင့် အမှာစကား ပေးပို့ခဲ့ပါတယ်။

"ဒီမိုကရေစီနဲ့တရားဥပဒေစိုးမိုးရေးလို့ Forum 2000 အဖွဲ့က ဒီနှစ်အတွက် ခေါင်းစဉ်ရွေးထားတာဟာ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ စစ်မှန်တဲ့ ဒီမိုကရေစီအပြောင်းအလဲတွေဖြစ်လာဖို့ အတွက် ပထမခြေလှမ်းအဖြစ် တရားဥပဒေစိုးမိုးရေးဟာ သိပ်ကို အရေးကြီးတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နဲ့ ကျမ ကိုယ်တိုင်က ထပ်တလဲလဲပြောနေကျစကားမို့ပါ။ တရားဥပဒေ စိုးမိုးမှုမရှိရင်ဘယ်လိုပဲ အပြောင်းအလဲတွေ လုပ်လုပ်တာရှည်မခံပါဘူး။ တရားဥပဒေစိုးမိုးမှုမရှိရင် လုံခြုံစိတ်ချရမှုကိုလည်း ပြည်သူတွေခံစားကြရမှာ မဟုတ်တဲ့အတွက် ဒီမိုကရေစီအပြောင်းအလဲတွေ လုပ်နေတယ်လို့လည်း ပြောလို့မရနိုင်ပါဘူး။ မြန်မာနိုင်ငံမှာ ခိုင်မြဲတဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့ လုပ်နေတယ်ဆိုတာကို ပြဖို့လိုတာမို့ တရားဥပဒေစိုးမိုးရေးဆိုတာ လိုအပ်ပါတယ်။"

တရားဥပဒေ စိုးမိုးမှုရှိမှ လုံခြုံမှုကို လူတိုင်း ခံစားနိုင်မှာဖြစ်သလို အာဏာပိုင်တွေရဲ့ တန်းတူညီမျှ ဆက်ဆံမှုတွေ ရှိလာမှာမို့လို့ ဒါတွေကို မြန်မာနိုင်ငံသားတိုင်းနားလည်ခံစားခွင့်ရဖို့ လိုအပ်တယ်လို့ဆိုပါတယ်။

"မြန်မာနိုင်ငံသားတွေဟာ နှစ်ပေါင်းများစွာ တရားဥပဒေစိုးမိုးမှုကင်းမဲ့တဲ့ဒဏ်ကို ခံစားခဲ့ကြရပါတယ်။ အများစုဟာမှန်ကန်တဲ့ ရပ်တည်ချက်က ဘာလဲဆိုတာကိုမသိကြပါဘူး။ ဘယ်စည်းမျဉ်း ဘယ်ဥပဒေကမှန်ကန်တယ်၊ သူတို့ရဲ့ရပိုင်ခွင့်တွေက ဘာတွေဖြစ်တယ်၊ တရားမျှတမှုရှိဖို့ ဘာလိုတယ်ဆိုတာကိုတောင် သူတို့မသိကြပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံမှာ တရားဥပဒေ စိုးမိုးမှု မရှိမချင်း တရားမျှတမှုဆိုတာကို သူတို့ နားလည်နိုင်ကြမှာမဟုတ်ပါဘူး။"

မြန်မာနိုင်ငံတင်မကဘဲ နှစ်ဆယ့်တစ်ရာစုနှစ် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဒီကိစ္စဟာ အရေးပါနေတာမို့ Forum 2000 ရဲ့တရားဥပဒေစိုးမိုးရေးနဲ့ဒီမိုကရေစီရေး ဆက်နွယ်နေမှုဆွေးနွေးပွဲကနေ အသီးအပွင့်တွေကိုခံစားလာနိုင်မယ်လို့မျှော်လင့်ကြောင်းလည်းပြောကြားခဲ့ပါတယ်။

**စာမျက်နှာ ၇ သို့**


| | | | | | |
|---|---|---|---|---|---|
| **နိုင်ငံရေးအကျဉ်းသား လွတ်ပေးရေး ကုလနဲ့ အမေရိကန်အနီးကပ် စောင့်ကြည့်** | **လွတ်ငြိမ်းချမ်းသာခွင့်နဲ့ နိုင်ငံရေးအကျဉ်းသား ၂၀၀ ခန့် လွတ်မြောက်** | **သမတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာကို ရောက်ရှိ** | **အတိုက်အခံများနှင့် စစ်ဘက်အရာရှိများ ပူဇော်ကန်တော့ပွဲများ ကျင်းပကြ** | **လွတ်လာတဲ့နိုင်ငံရေး အကျဉ်းသားများရဲ ဘဝ ထူထောင်နိုင်ရေး ကူညီကြရန်** | **ဗိုလ်ချုပ်ဆေထင် ရန်ကုန်မှာ ကျန်းမာရေး စစ်ဆေးမှုခံယူ** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၇** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၉** |

VOB အာဘော်

# အပြောင်းအလဲဖြစ်စဉ် မေးခွန်းထုတ်စရာဖြစ်

လက်ရှိမြန်မာ့နိုင်ငံရေးအခင်းအကျင်း အဖြစ်အပျက်များကို ပြည်သူလူထုကြီးမှ စိတ်ဝင်တစားနား စွင့်နေကြသည်၊ သမတဦးသိန်းစိန်နှင့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့မှု အပေါ် အမျိုးမျိုးကောက်ချက်ချ သုံးသပ်ပြောဆိုနေကြသည်။ မည်သည့်အကြောင်းအရာတွေကို ဆွေးနွေး ခဲ့ကြသည်ကို တိတိပပထုတ်ဖော်ပြောဆိုခြင်းမရှိသည့်အတွက်လည်း သံသယပွားကြရသည်။

စစ်အာဏာရှင်အုပ်စုမှ သမတဖြစ်လာသည့် ဗိုလ်(ဦး)သိန်းစိန်ကို လူထုမှ အတိတ်အတွေ့အကြုံ အရ အယုံအကြည်သိပ်မရှိသည်မှာ မဆန်းပေ။ ယခုလို တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ မိမိတို့၏ခေါင်း ဆောင်ဒေါ်အောင်ဆန်းစုကြည်အတွက် လူထုကြီးမှ စိုးရိမ်စိတ်များဖြစ်နေကြသည်။

သမတ၏လုပ်ဆောင်ချက်များအပေါ် လေ့လာသုံးသပ်ပြီး အပြောင်းအလဲလမ်းစတွေ တွေ့နေရပြီး ဟု ကောက်ချက်ချမစောစေလိုပါ။ အမှန်တကယ် တိုးတက်ပြောင်းလဲမှုဟုတ်မဟုတ် သံသယပွားသူများကို အပြစ်မဆိုသာပေ။ ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာမရှိသည့်အတွက်ကြောင့်လည်း လူထုအတွက် စိုးရိမ် စိတ်များကို တိုးပွားစေသည်။

စနစ်တခုမှ တခုသို့အပြောင်းအလဲသည် နေ့ချင်းညချင်းလုပ်၍မရနိုင်ပေ၊ နိုင်ငံရေးအပြောင်းအလဲ သည် ကြွေတလှည့် ကြက်တခုန်ရုတ်တရက်ဖြစ်နိုင်ပေမယ့် တည်ငြိမ်ကောင်းမွန်သည့်စနစ်တခုဖြစ်လာစေ ဖို့ အချိန်များစွာယူရပေမည်။ တည်တည်ငြိမ်ငြိမ်နှင့်အပြောင်းအလဲကို မှန်မှန်ကန်ကန် တဆင့်ချင်းသွားလို သူတွေရှိသလို အဆောတလျင် ဆန္ဒစောစွာဖြင့် အပြောင်းအလဲဖြစ်လိုသူတွေလည်းရှိသည်။

မည်သည့်နည်းနှင့်အပြောင်းအလဲတခု ဖြစ်မြောက်သွားသည်ဖြစ်စေ၊ အဓိကမှာ အပြောင်းအလဲကြောင့် တိုင်းပြည် ကသောင်းကနင်းမဖြစ်ဖို့သိပ်အရေးကြီး ပါသည်။ တိုင်းပြည် ကသောင်းကနင်းဖြစ်ပါက ပျက်စီးဆုံးရှုံးနစ်နာကြရမည်မှာ လူထုပင်ဖြစ်သည်။

သမတဦးသိန်းစိန်အနေဖြင့် နောက်ကွယ်မှ ကြိုးကိုင်နေသူတွေရှိနေသည်ဟုလည်း ထင်မြင်ယူဆနေသူတွေ ရှိနေသည့်အတွက် သမတ၏ လုပ်ကိုင်ဆောင် ရွက်မှုမှန်သမျှ ကြိုးကိုင်နေသူတွေ၏လက်ချက်ဟုလည်း သံသယရှိနေကြသည်။ သို့သော် နောက်ကွယ်မှမည်သို့ပင် ကြိုးကိုင်နေသည်ဆိုစေကာမူ သမတဦးသိန်းစိန် ၏လတ်တလော ဆောင်ရွက်ချက်များကိုတော့ သတိနှင့်ကြိုဆိုရပေမည်။

ဥပမာ၊ မြစ်ဆုံစီမံကိန်းကို သမတအမိန့်အာဏာဖြင့် ယာယီရပ်ဆိုင်းမှု၊ နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာလွှတ်မြောက်လာ၍ အားမလိုအားမရဖြစ်ကြ ရပေမယ့် အကျဉ်းသား ၆၀၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အပေါ် သမတအား ခပ်ပါးပါးအမှတ်ပေးရမည်မှာ ဘယ်သူမှမငြင်းနိုင်ပါ။

ရုပ်သေးအစိုးရ၊ သို့မဟုတ် ရုပ်သေးသမတဟု မည်သို့ပင်ဆိုစေကာမူ အထက်ပါသမတ၏လုပ်ဆောင်ချက်များအပေါ် သမတဦးသိန်းစိန်အနေဖြင့်လူထု ၏ထောက်ခံအားပေးမှုကို ရရှိမှာသေချာသည်။ ဒါပေမယ့် ဦးသိန်းစိန်အစိုးရ၏အပြောင်းအလဲလုပ်ရပ်များသည် တကယ်အစစ်အမှန် ဟုတ်မဟုတ်မေးခွန်းထုတ် သူများအား သက်သေပြသည့်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်သည်အထိ ဆက်လက်၍ ထင်သာမြင်သာရှိသည့် အပြောင်းအလဲများကို လုပ်ပြဖို့လို အပ်နေသေးကြောင်း သတိပေးရေးသားလိုက်သည်။

# ဒေါ်အောင်ဆန်းစုကြည်ရဲ့နိုင်ငံရေးလုပ်ငန်းစဉ်ကို မင်းကိုနိုင်အပြည့်အဝထောက်ခံ

**RFA ၊ အောက်တိုဘာ ၁၃ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးဆောင်ရွက်ချက်တွေနဲ့ပတ်သက် လို့ သူ့အနေနဲ့ အပြည့်အဝထောက်ခံတယ်လို့ ကျိုင်းတုံထောင်မှာ အ ကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် က ပြောကြားလိုက်ပါတယ်။

ကိုမင်းကိုနိုင်က သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် ပြောတဲ့ တိုင်းပြည် ကောင်းစားရေးအတွက် ဘယ်သူနဲ့မဆို ပူးပေါင်း ဆောင်ရွက် မယ်ဆိုတဲ့ သဘောထားကို အပြည့်အဝထောက်ခံကြောင်း၊ NLD ပါတီ တရားဝင်မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်မယ်ဆိုရင်လည်း ထောက်ခံ ကြောင်း ပြောကြားလိုက်တယ်လို့ ကိုမင်းကိုနိုင်နဲ့ ကျိုင်းတုံထောင်မှာ ၃ နှစ်ကြာ အတူ အကျဉ်းကျနေခဲ့တဲ့ မြန်မာနေရှင်း သတင်းဂျာနယ် မန်နေဂျာ ဦးစိန်ဝင်းမောင်က ပြောပါတယ်။

"ကိုမင်းကိုနိုင်က ဒေါ်အောင်ဆန်းစုကြည်နဲ့ သူနဲ့သဘောထား တထပ်တည်းရှိတယ်ဆိုတဲ့အကြောင်း ကျနော်ကို ပြောလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က အခု ဒီဦးသိန်းစိန်အစိုးရသစ်နဲ့ ပူးတွဲလုပ် မယ်ဆိုတဲ့၊ တကယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ရွေးကောက်ပွဲဝင် မယ်ပဲဖြစ်ဖြစ် ပါတီထောင်မယ်ပဲဖြစ်ဖြစ်ပေါ့။ ဒါမျိုးကို သူကသဘော တူတယ်ပေါ့ဗျာ။"

ဦးစိန်ဝင်းမောင်ဟာ လွတ်ငြိမ်းချမ်းသာခွင့် အရ မနေ့ မနက်က ကျိုင်းတုံ အကျဉ်းထောင်က လွတ်မြောက်လာခဲ့သူ ၃ ဦးထဲက တ ဦးဖြစ်ပြီး ဒီကနေ့ ရန်ကုန်မြို့နေအိမ်ကို ပြန်ရောက်လာတာ ဖြစ်ပါ တယ်။

လောလောဆယ် ကိုမင်းကိုနိုင်ဟာ နှလုံးရောဂါ၊ သွေးတိုးရော ဂါတွေ ရှိနေပြီး ကျန်းမာရေးလည်း မကောင်းဘူးလို့ ဦးစိန်ဝင်းမောင်က ပြောပါတယ်။

ကျိုင်းတုံထောင်မှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူ နိုင်ငံရေးအကျဉ်းသား ၇ ဦးရှိပြီး လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် ဦးစိန်ဝင်းမောင်နဲ့ ရွှေဝါရောင် သံဃာ့အရေးအခင်းမှာ အထိန်းသိမ်းခံရ ပြီး ထောင်ဒဏ်ကျခံခဲ့ရတဲ့ ဦးသုတဉာဏ (ဦးသန်းဇော် - ရွှေပြည်သာ)၊ ဦးအိန္ဒြယ(ငွေကြာရံစာသင်တိုက် - ဦးအောင်သူငြိမ်း)တို့ မနေ့ကလွတ် မြောက်လာခဲ့ပါတယ်။

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ရဲ့ ၄၉ နှစ် မြောက် မွေးနေ့ကို မိသားစုနဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေက လာ မယ့် အင်္ဂါနေ့မှာ ကျင်းပဖို့ ရှိပါတယ်။

# နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေး ကုလနဲ့ အမေရိကန် အနီးကပ်စောင့်ကြည့်

**VOA । အောက်တိုဘာ ၁၃ ။** ။ သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာ ခွင့် အမိန့်အရ မြန်မာနိုင်ငံမှာ အကျဉ်းသား ၆,၀၀၀ ကျော်ကို အောက်တိုဘာလ ၁၀ ရက်နေ့က လွှတ်ပေးခဲ့ရာမှာ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်သာ ပါဝင်တာကြောင့် ကုလသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုတို့က ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးဖို့ တောင်းဆိုလိုက်သလိုပဲ မြန်မာအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းတွေကိုလည်း နီးနီးကပ်ကပ် စောင့်ကြည့်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဒီအကြောင်းကိုတော့ ဒေါ်ခင်မျိုးသက်ကအပြည့်အစုံ တင်ပြထားပါတယ်။

ဗုဒ္ဓဟူးနေ့က သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်လာခဲ့တဲ့ အကျဉ်းသားတွေထဲမှာ ထင်ရှားတဲ့ နိုင်ငံရေးအကျဉ်းသားတချို့ ပါနေတာမို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြိုဆိုတယ်လို့ အတွင်းရေးမှူးချုပ်ရုံး လက်ထောက်ပြောခွင့်ရ Eduardo Del Buey က ပြောပါတယ်။

"ထင်ရှားတဲ့သူတွေ အပါအဝင် နိုင်ငံရေးအကျဉ်းသား တချို့ကို လွှတ်ပေးခဲ့တဲ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြိုဆိုလိုက်ပါတယ်။ ဒါပေမဲ့ ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသား အားလုံးကိုပါ လွှတ်ပေးမယ်လို့ သူ မျှော်လင့်ထားပါတယ်။ မြန်မာအစိုးရအနေနဲ့ အခြေခံဥပဒေတွေကို လေးစားဖို့နဲ့ တရားဥပဒေ စိုးမိုးမှုရှိဖို့အတွက်အာမခံထားတာတွေကို ဆက်ပြီးတော့ အကောင်အထည်ဖော်သွားဖို့လိုပါတယ်"

အခုလို နိုင်ငံရေးအကျဉ်းသားတချို့ လွတ်မြောက်လာပေမဲ့ အကျဉ်းကျနေသူအများအပြားကျန်နေသေးတာမို့မြန်မာနိုင်ငံရဲ့အခြေအနေကို အတွင်းရေးမှူးချုပ်က အနီးကပ်စောင့်ကြည့်နေတယ်လို့လည်း ပြောပါတယ်။

"သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်မြောက်လာတဲ့ အကျဉ်းသားတွေထဲမှာ နိုင်ငံရေးအကျဉ်းသား ဘယ်လောက်ထပ်ပါမလဲဆိုတာကို အတွင်းရေးမှူးချုပ်က အနီးကပ် စောင့်ကြည့်နေပါတယ်။ မြန်မာအစိုးရအဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးမှုရှိဖို့နဲ့ လူ့အခွင့်အရေးလေးစားလိုက်နာမှုရှိဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကမြင်ချင်တယ်ဆိုတာကိုလည်း အတွင်းရေးမှူးချုပ်က ပြတ်ပြတ်သားသားပြောထားပြီးသားပါ"

အမေရိကန်နိုင်ငံကလည်း မြန်မာအစိုးရက နိုင်ငံရေးအကျဉ်းသားတချို့ကို လွှတ်ပေးခဲ့တဲ့အတွက် ကြိုဆိုတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရ Victoria Nuland က ကြာသာပတေးနေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားလိုက်သလို အခုလိုလွှတ်ပေးတာဟာ အရေးပါတဲ့ ခြေလှမ်းတရပ်ကို လှမ်းလိုက်တာလို့လည်း ပြောပါတယ်။

"အခုလိုနိုင်ငံရေးအကျဉ်းသားတချို့ကိုလွှတ်ပေးလိုက်တာဟာ မြန်မာနိုင်ငံမှာ အရေးကြီးတဲ့ခြေလှမ်းတရပ်ကို လှမ်းလိုက်တာလို့ ကျမတို့ကမြင်ပါတယ်။ ဒါဟာ မြန်မာလူထုရဲ့ဆန္ဒကို တုံ့ပြန်တာတမျိုးဖြစ်လို့ပါ။ ဒါပေမဲ့ လွှတ်ပေးလိုက်တဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့စာရင်း အပြည့်အစုံကိုတော့ ကျမတို့ မတွေ့ရသေးပါဘူးရှင်"

သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အရ လွှတ်ပေးမယ့် အကျဉ်းသား ၆,၃၅၉ ဦးစလုံးကို ဗုဒ္ဓဟူးနေ့မှာ လွှတ်ပေးလိုက်ပြီလို့ ပြည်ထဲရေးဝန်ကြီးက ပြောကြားကြောင်း သတင်းတွေမှာ ဖော်ပြကြပါတယ်။ အဲဒီထဲမှာ နိုင်ငံရေးအကျဉ်းသားက ၂၂၀ ပါဝင်နေတာမို့ အကျဉ်းကျခံနေရတဲ့ ၂၀၀၀ ကျော်နဲ့ယှဉ်ရင် လွှတ်ပေးခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားဟာ နည်းပါးနေသေးတယ်လို့ နိုင်ငံရေးလေ့လာသူတွေက သုံးသပ်ပါတယ်။ အမေရိကန်အစိုးရကလည်း ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူ အများအပြားရှိနေအုံးမယ်လို့ ယုံကြည်တာမို့ သူတို့အားလုံးကို လွှတ်ပေးဖို့အတွက် တောင်းဆိုလိုက်ပါတယ်။

"မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ အများကြီးရှိနေအုံးမယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ သူတို့အားလုံးကို လွှတ်ပေးဖို့ တောင်းဆိုပါတယ်။ မြန်မာအစိုးရရဲ့ အခုလုပ်ရပ်ဟာ အရေးပါတဲ့ ခြေလှမ်းတရပ်ဖြစ်တဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်က မြန်မာအစိုးရနဲ့ရော တခြားအစိုးရတွေနဲ့ပါ ဆက်လက်ဆွေးနွေး သွားဖို့ ရှိပါတယ်"

အမေရိကန်လွှတ်တော်အမတ်တွေကလည်း မြန်မာအစိုးရရဲ့ ဗုဒ္ဓဟူးနေ့က လွတ်ငြိမ်းချမ်းသာခွင့်မှာ နိုင်ငံရေးအကျဉ်းသားတွေ ပါလာတဲ့အတွက် ကြိုဆိုခဲ့ပါတယ်။ ဒါပေမဲ့ အထက်လွှတ်တော်အနည်းစုအမတ်များခေါင်းဆောင် ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် မစ်ချ်၊ မက်ကောနဲလ်က အခုလွှတ်ပေးလိုက်တဲ့ နိုင်ငံရေးအကျဉ်းသားတွေမှာ တကယ့်လွတ်လပ်ခွင့် ရှိမရှိ မေးခွန်းထုတ်ခဲ့ပါတယ်။ အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒီမိုကရက်တစ်ပါတီအမတ် ဂျွန်ကယ်ရီကတော့ မြန်မာနိုင်ငံမှာ အစိုးရအပေါ် ဝေဖန်တဲ့ အပြစ်မဲ့တဲ့ သူတွေကို ထောင်ချထားတာဟာ မှားတယ်လို့ အစိုးရရဲ့ လူ့အခွင့်အရေးကော်မရှင် အသစ်က ပြောကြားနေချိန်မှာပဲ နိုင်ငံရေးအကျဉ်းသားတချို့ကို လွှတ်ပေးတာဟာ ဒီမိုကရေစီခြေလှမ်းတရပ်ကိုလှမ်းလိုက်တာဖြစ်တယ်လို့ မြင်ပါတယ်။

ဒါပေမဲ့ အခုလို လွှတ်ပေးလိုက်တဲ့ နိုင်ငံရေးအကျဉ်းသားတွေအပေါ် အစိုးရက ဘယ်လိုဆက်ပြီး ဆက်ဆံဖို့ ရှိတယ်ဆိုတာနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ဆက်ပြီး လွှတ်ပေးဖို့ ရှိမရှိ စောင့်ကြည့်ပြီး တကယ့်အပြောင်းအလဲတွေ မြန်မာနိုင်ငံမှာ လုပ်မလုပ် ဆန်းစစ်မယ်လို့ ကြေညာချက် ထုတ်ပြန်ပြောဆိုခဲ့ပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# အစိုးရဝါဒ သဘောမတူခြင်း

## အကြောင်း ( ဆဌမ–ပိုင်း )

ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ Radio 4 ရဲ့ ၂၀၁၁ ခုနှစ် Reith Lectures အစီအစဉ်မှာ အစိုးရဝါဒ သဘောမတူခြင်း အကြောင်း ဟောပြောချက် ဆဌမ ပိုင်းကို ဖော်ပြလိုက်ပါတယ်။

(MI) သို့မဟုတ် တချို့ ကြုံဖူးနေကျ လူတွေက မချမ်းမြေ့တဲ့လေသံနဲ့ ( MI ) (မိုင်) လို့ ခေါ်တတ်ကြတဲ့ ထောက်လှမ်းရေးအဖွဲ့ဝင်တွေဟာ ကျမတို့ကို ဘယ်သူ့ကိုမဆို အချိန်မရွေး ဆွဲသွားနိုင်ပါတယ်။ သူတို့ ပိုကြိုက်တဲ့အချိန်ကတော့ ညဥ့်နက်သန်းခေါင် အချိန်ပါ။ သူတို့ ကြိုက်တဲ့ စွဲချက်နဲ့ ဆွဲသွားနိုင်ပါတယ်။

အဲသလောက် အလျှော့မပေးစတမ်း ဖိနှိပ်ညှဉ်းပမ်းမှုကို ခံနေရတဲ့အထဲက ကျမတို့ဟာ တရားဝင်နိုင်ငံရေးပါတီတခုအဖြစ်နဲ့ ဆက်လက်ပြီးတော့ရပ်တည် နေနိုင်ခဲ့ပါတယ်။ ယနေ့ အခြေအနေလိုမဟုတ်ပါဘူး။ နောက်ပြီး ကျမတို့ပါတီကို (အတိုက်အခံ) ဆိုတဲ့ နာမည်နဲ့ ရည်ညွှန်း ခေါ်ဝေါ်ကြတာကိုလည်း စတင်ပြီး ခံလာရပါတယ်။ အဲဒီတော့ ကျမတို့ဟာ အတိုက်အခံလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် တရားဝင်အတိုက်အခံမဟုတ်ပါဘူး။ အစိုးရဟာ ဥပဒေနဲ့အညီ ဖွဲ့စည်းထားတဲ့ အစိုးရဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ကျမတို့ဟာ အဲဒီ အစိုးရကို အတိုက်အခံပြုတဲ့ လုပ်ငန်း ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် အတိုက်အခံအဖွဲ့ ဖြစ်တာပါဘဲ ဆိုတဲ့ အယူကို ကျမတို့ လက်ခံသင့်ပါသလား။

၁၉၉၇ ခုနှစ်မှာ (နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့) ကို (နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးအဖွဲ့) ဆိုပြီး အမည် ပြောင်းလဲလိုက်ပါတယ်။ ဒါဟာ အစိုးရအပြောင်းအလဲဖြစ်နိုင်ခြေ ပေါ်ပေါက်မလာအောင် အဲဒီလိုလုပ်မှဖြစ်မယ်ဆိုပြီး ဗေဒင်ဆရာတွေက အကြံပေးခဲ့ကြတဲ့အတွက်ကြောင့်လား၊ သို့မဟုတ် (နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့) ရဲ့ အင်္ဂလိပ်နာမည်အတိုကောက် (SLORC) ဆိုတာဟာ (SMASH) ဆိုတာလို အတုအယောင်အဖွဲ့တွေရဲ့ မနစ်မြို့စရာ အနံ့အသက်မျိုးထွက်နေလို့ လူတွေက လှောင်ပြောင်ပြီး ဟာသလုပ်ကြတာကို စစ်အစိုးရ မကြားချင်တော့တဲ့အတွက်ကြောင့်လား ကျမတို့ ဘယ်တော့မှ သိရမှာမဟုတ်ပါဘူး။

အစိုးရရဲ့ ရှင်းလင်းချက်ကတော့ သူတို့ဟာ သူတို့ ကြေညာထားတဲ့ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး ရည်ရွယ်ချက်ကို အောင်မြင်ခဲ့ပြီးပြီဖြစ်တဲ့အတွက် စစ်အစိုးရအနေနဲ့ ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့လုပ်ငန်းတွေကို ရှေ့တက်ပြီး ဆောင်ရွက်ဖို့ အချိန်ရောက်ကြောင်း အမည်သစ်က ညွှန်ပြတယ်လို့ ဆိုပါတယ်။ ငြိမ်ဝပ်ပိပြားမှုဆိုတဲ့ မြန်မာဝေါဟာရဟာ အတိအကျ ဖွင့်ဆိုလိုက်တဲ့အခါ (ငြိမ်ပြီးတော့ ဝပ်ပြီးတော့ ပိပြီးတော့ ပြားသွားခြင်း) လို့အဓိပ္ပါယ်ထွက်တာကို ထောက်သောအားဖြင့်ဒီစကားဟာ အမှန်နဲ့မဝေးလှဘူးလို့ ပြောကောင်း ပြောနိုင်မှာပါ။ စစ်အစိုးရရဲ့ ငြိမ်ဝပ်ပိပြားရေး ရှုမြင်ပုံဟာ ကျမတို့ လုံးဝဆန့်ကျင်တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ ငြိမ်ပြီးတော့ ဝပ်ပြီးတော့ ပိပြီးတော့ပြားနေတဲ့ နိုင်ငံသားများနဲ့ဖွဲ့စည်းတဲ့ နိုင်ငံဆိုတာဟာ ကျမတို့ အောင်မြင်ဖို့ ကြိုးပမ်းနေတဲ့ ရည်မှန်းချက်ရဲ့ ဆန့်ကျင်ဘက်ကြီးဖြစ်ပါတယ်။

ကျမတို့ဟာ စစ်အာဏာရှင်စနစ်အောက်မှာ နိုင်ငံရေးအင်အားစုတရပ်အနေနဲ့ ရပ်တည်နိုင်ဖို့ ရုန်းကန်လှုပ်ရှားရတဲ့ အကျပ်အတည်းအခက်အခဲတွေကို ရင်ဆိုင်ရင်း NLD ရဲ့ ပုံသဏ္ဍာန်ဟာ ပိုပြီး ပီပီပြင်ပြင်ဖြစ်စ ပြုလာခဲ့ပါတယ်။ ကျမတို့ဟာ ကျမတို့ရဲ့ ယဉ်ကျေးမှုနဲ့ သမိုင်းကိုရော တခြားနိုင်ငံတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ တော်လှန်ပြောင်းလဲရေးတိုက်ပွဲတွေကိုရော ဒဿနပညာရှင်တွေရဲ့ အတွေးအခေါ်နဲ့ အကဲခတ်ပုဂ္ဂိုလ်တွေ အသိပညာရှင်တွေရဲ့ အယူအဆတွေကိုရော ကျမတို့ကိုဝေဖန်သူတွေရဲ့စကားကိုရော ကျမတို့ကို ထောက်ခံသူနဲ့ မိတ်ဆွေတွေရဲ့အကြံပေး ချက်ကိုရော အစုံလေ့လာပြီးတော့ စိတ်ကူးဉာဏ်နဲ့ စံနမူနာကောင်းကို ရှာဖွေခဲ့ပါတယ်။

ကျမတို့ဟာ စစ်အစိုးရက ကျမတို့အပေါ် ချမှတ်ထားတဲ့ ပညတ်ချက်စည်းဝိုင်းအတွင်း ဖြစ်နိုင်သမျှ ထိထိရောက်ရောက်နဲ့အလုပ်လုပ်ကိုင်နိုင်မယ့် နည်းလမ်းတွေကို ရှာဖွေခဲ့ရပါတယ်။ တချိန်တည်းမှာလုပ်ကိုင်လို့ဖြစ်နိုင်မယ့် နယ်နိမိတ်ကို တိုးချဲ့နိုင်အောင်လည်း ကြိုးစားခဲ့ရပါတယ်။ သေချာတာကတော့ အတိုက်အခံပါတီတခုအပေါ် သာမန်အားဖြင့် မျှော်လင့်ချက်ထားကြမှာဖြစ်တဲ့ လုပ်ငန်းဆောင်တာတွေကို ကျမတို့ မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ဖိနှိပ်ချုပ်ချယ်မှုဟာ ပြင်းထန်သည်ထက် ပြင်းထန်လာတာနဲ့အမျှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်း ကျမတို့တတွေ ခံစားလာခဲ့ရတာက ကျမတို့ပါတီရဲ့ အဓိက သဘောလက္ခဏာဟာ ထုံးတမ်းစဉ်လာ အတိုက်အခံပါတီတခုရဲ့ သဘောလက္ခဏာနဲ့ ပိုပို ပြီး အလှမ်းဝေးလာ တယ်ဆိုတဲ့ အချက် ဖြစ်ပါတယ်။

ကျမတို့ဟာ ပြည်တွင်းမှာရော ပြည်ပမှာရော လူထုထောက်ခံမှုအများဆုံးရတဲ့ နိုင်ငံရေးပါတီအဖြစ်နဲ့ အသိအမှတ်ပြုခြင်းခံရပါတယ်။ နောက်ပြီး အဲဒီလို အသိအမှတ်ပြု ခံရခြင်းနဲ့အတူ ကျရောက်လာတဲ့ တာဝန်ဝတ္တရားကို ကျမတို့ ထမ်းရွက်ရပါတယ်။ ဒါပေမယ့် ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတနိုင်ငံမှာ အဲဒီလို ပါတီတခု ခံစားခွင့်ရခဲ့မှာဖြစ်တဲ့ အခွင့်အရေးတွေကို ကျမတို့တခုမှ မရခဲ့ပါဘူး။ ဥပဒေဘောင်အတွင်းက နိုင်ငံရေးအဖွဲ့အစည်းတခုရဲ့ အခြေခံအခွင့်အရေးတွေကိုလည်း တခုမှ မရသလောက်ဖြစ်ခဲ့ပါတယ်။ ကျမတို့ဟာ တချိန်တည်းမှာ အတိုက်အခံပါတီတခုထက် အများကြီး အဆင့်မြင့်သလို အများကြီး အဆင့်နိမ့်နေပါတယ်။

၁၉၈၈ ခုနှစ်တုန်းက လူထုကိုပြောတဲ့ ကျမရဲ့ ပထမဆုံးမိန့်ခွန်းတွေထဲက တခုမှာ ကျမက ကျမတို့ဟာ ကျမတို့ရဲ့ ဒုတိယ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲနေကြတာဆိုတဲ့ အဓိပ္ပါယ်ပြောခဲ့ပါတယ်။ လွန်ခဲ့တဲ့ ရာစုအလယ်လောက်က ပထမလွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့တဲ့အတွက်ကြောင့် ကျမတို့ဟာ ကိုလိုနီအုပ်ချုပ်ရေးစနစ်အောက်က

**စာမျက်နှာ ၅ သို့**

**စာမျက်နှာ ၄ သို့**

လွတ်လပ်မှုကို ရခဲ့ပါတယ်။ ဒုတိယလွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲတဲ့အတွက်ကြောင့် ကျမတို့ဟာ စစ်အာဏာရှင်အောက်က လွတ်လပ်မှုကို ရမယ်လို့ ကျမတို့ မျှော်လင့်ပါတယ်။

၁၉၈၈ ခုနှစ်တုန်းက ကျောင်းသားတွေအုံကြွပြီး ဆန္ဒပြကြရာမှာ ရှေ့တန်းနေရာက သူတို့ပါဝင်ခဲ့ပုံကို မြင်ရတော့ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက လွတ်လပ်ရေးအတွက် သူတို့ဆွေပြ ကြရာမှာ သူတို့နဲ့အတူ တိုင်းပြည်ကြီးပါ လိုက်လာအောင် ခေါ်ဆောင်သွားခဲ့ကြတဲ့ ကျောင်း သားတွေရဲ့ ပုံရိပ်တွေဟာ ပြန်ပေါ်လာပါတယ်။ အတိတ်ခေတ်ကာလတခုတုန်းက ပေါ်ထွန်းခဲ့တဲ့ အဲဒီ ကျောင်းသားခေါင်းဆောင်တချို့ဟာ တိုင်းပြည်မှာ ထင်ရှားတဲ့ပုဂ္ဂိုလ်ကြီးတွေဖြစ်လာခဲ့ကြပါတယ်။

လွတ်လပ်ရေးရပြီးခေတ်မှာ အစိုးရအဖွဲ့ဝင်များအဖြစ်နဲ့သော်ငင်း၊ ပါတီခေါင်းဆောင်များအဖြစ်နဲ့သော်ငင်း တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့ပြီးတဲ့နောက် နိုင်ငံရေးနယ်ပယ်ထဲကနေပြီး သူတို့ကို အတင်းအကျပ်ဖယ်ရှားပြစ်တာ ခံလိုက်ရတဲ့အချိန်အထိဖြစ်ပါတယ်။ အဲဒီ လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်ဟောင်းကြီး အများအပြားဟာ ဒီမိုကရေစီရေးလှုပ်ရှားမှုထဲကို မြန်မြန်ထက်ထက်ဘဲ ဝင်ရောက်လာကြပါတယ်။ ဝင်ရောက်ခြင်းအားဖြင့် တိုက်ပွဲအဟောင်းနဲ့ တိုက်ပွဲအသစ်ကို လက်ချင်းချိတ်ပေးခဲ့ပါတယ်။

အဲဒီလိုဖြစ်ပေမယ့်လည်း ဒီတိုက်ပွဲနှစ်ခုမှာ ခြားနားချက် အများအပြားရှိပါတယ်။ အထင်ရှားဆုံး ခြားနားချက်ကတော့ ကျမတို့ရဲ့ အမိအဖတွေဟာ နိုင်ငံခြားကရောက်လာတဲ့ အစိုးရတခုကို ဆန့်ကျင်ပြီး တိုက်ပွဲဝင်ခဲ့ကြရတာဖြစ်တယ်။ ကျမတို့ကတော့ ဒီတိုင်းပြည် ဒီလူမျိုး ဒီအသားအရောင် ဒီဘာသာအယူဝါဒတခုတည်း အတူတူဖြစ်တဲ့ ဆန့်ကျင်ဘက်တွေနဲ့ တိုက်ပွဲဝင်နေကြရတာဖြစ်တယ် ဆိုတဲ့ အချက်ပါဘဲ။ နောက် ခြားနားချက်တခုက အလွန်အရေးကြီးပါတယ်။ ဒါပေမယ့် အရေးကြီးတယ်လို့ မြင်ကြတာ ရှားပါတယ်။ အဲဒါက ကိုလိုနီအစိုးရဟာ လူထုကို ပြောရေးဆိုခွင့်ပိတ်ပင်တဲ့ အာဏာရှင်အုပ်ချုပ်ရေး ( Author itarian ) ဆန်သော်လည်းဘဲ လူထုဘဝတခုလုံးကို လွှမ်းမိုးချုပ်ကိုင်တဲ့ အာဏာရှင်အုပ်ချုပ်ရေး ( Totalitarian ) ဆန်တဲ့ နေရာမှာတော့ ၁၉၈၈ ခုနှစ်က အာဏာယူခဲ့တဲ့ စစ်အစိုးရထက် သိသိသာသာ အဆင့်နိမ့်တဲ့ အချက်ဖြစ်ပါတယ်။

ကျောင်းသူ လူငယ်တယောက်အနေနဲ့ လွတ်လပ်ရေးလှုပ်ရှားမှုထဲကိုခြေစုံပြစ်ဝင်ရောက်ခဲ့တဲ့ဂျပန်တို့သိမ်းပိုက်ထားစဉ်ကာလအတွင်းမှာလည်းဘဲတော်လှန်ရေးမှာလျှို့ဝှက်ပြီးပါဝင်လှုပ်ရှားခဲ့တဲ့ထင်ရှားတဲ့ စာရေးဆရာမ တယောက်က ၁၉၈၉ ခုနှစ်မှာ ကျမကို ပြောဖူးပါတယ်။ ကျမတို့ရင်ဆိုင်ရတဲ့ အကျပ်အတည်း အခက်အခဲတွေဟာ သူရော သူနဲ့ တခေတ်တည်းကို ဖြတ်သန်းခဲ့သူတွေရော ရင်ဆိုင်ခဲ့ရတဲ့ အကျပ်အတည်း အခက်အခဲတွေထက် အများကြီး ပိုပြီးကြီးမားတယ်လို့ သူယူဆတဲ့အကြောင်း ပြောပါတယ်။

ဒုတိယကမ္ဘာစစ်မဖြစ်ခင်မှာရော ဖြစ်ပြီးနောက်မှာရော ဗြိတိသျှအစိုးရရဲ့အလွန်အကျွံပြုမူမှုတွေက လွတ်အောင် လွတ်လပ်ရေးလှုပ်ရှားမှုကို တရားဥပဒေစိုးမိုးရေးစနစ်က အကာအကွယ်ပေးခဲ့ပါတယ်။ကမ္ဘာစစ်နဲ့ ဂျပန်စစ်တပ်တို့ မြန်မာနိုင်ငံကို ရောက်လာကြတဲ့အချိန်မှာကျမရဲ့ ဖခင်ဦးစီးတဲ့ ဖွဲ့စည်းပြီးခါစ ဗမာ့တပ်မတော် ရှိနေခြင်းဟာ ပြည်သိမ်းတပ်ဖွဲ့တွေအထဲက အဆိုးဝါးဆုံး အင်အားစုများနဲ့ တော်လှန်ရေး အင်အားစုများစပ်ကြားမှာ ကြားခံအကာအကွယ်သဖွယ် ဖြစ်ခဲ့ပါတယ်။ ကျမတို့ဟာ ကျမတို့ရဲ့ ဘိုးစဉ်ဘောင်ဆက် ရှေးလူကြီးတွေရဲ့ အောင်မြင်မှုကို ကြည့်ပြီး စံနမူနာကောင်း ယူနိုင်ကြပါတယ်။

ဒါပေမယ့် ကျမတို့ရဲ့ တိုက်ပွဲကို အထောက်အကူဖြစ်စေနိုင်တဲ့ စိတ်ကူးစိတ်သန်းနဲ့ နည်းနာကို ရှာဖွေရာမှာ ကျမတို့ဟာ ကျမတို့ရဲ့ သမိုင်းတခုတည်းကို ကွက်ပြီး ကြည့်လို့မဖြစ်ပါဘူး။ ကျမတို့ဟာ ကျမတို့ရဲ့ ကိုလိုနီခေတ်အတွေ့အကြုံကို ကျော်လွန်ပြီး ကြည့်ခဲ့ရပါတယ်။ ဒီအချိန်မှာ စစ်အစိုးရကတော့ အတိတ်ကာလမှာဘဲ ဆက်ပြီး တွယ်ကပ်နေဖို့ကို ပိုကြိုက်ခဲ့ပါတယ်။ တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ မကောင်းတာမှန်သမျှ ကိုလိုနီစနစ်ကြောင့်လို့ အပြစ်ချပြီး NLD နဲ့ ထောက်ခံသူတွေကိုလည်း ကိုလိုနီဝါဒီ လက်သစ်တွေလို့ စွပ်စွဲခဲ့ပါတယ်။

---

# ဦးသိန်းစိန်ကို ဇာဂနာဝေဖန်

**RFA၊အောက်တိုဘာ၁၂။** ။ ဒီကနေ့မနက် အစောပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနား ထောင်ကနေ ပြန်လည် လွတ်မြောက်လာတဲ့ နိုင်ငံကျော် ဟာသသရုပ်ဆောင် ကိုဇာဂနာက သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်ပြီး အခုလို ဝေဖန်လိုက်ပါတယ်။

"မနေ့တုန်းကထိတော့ ပြောင်းလဲတယ်လို့ ကျနော့်စိတ်ထဲမှာ ယေဘုယျ နည်းနည်းလေး စိတ်ထဲ ထင်မိတယ်ပေါ့နော် ။ ဒီကနေ့ မနက်ကျတော့ ဟုတ်ရော ဟုတ်ရဲ့လားလို့ သံသယ ပြန်ဝင်သွားတယ်။ ပြောင်းလဲတာမှဟုတ်ရဲ့လားမပြောင်းလဲသေးဘူးထင်မိတာကကျနော်တို့ သူငယ်ချင်းတွေ လွတ်မလာဘဲ ကျနော်တို့ လူနည်းနည်းလေးမစို့မပို့ပေါ့ဗျာ ဒါလေးပဲလွတ်လာတဲ့ အခါကျတော့ တကယ်ပြေလည်ချင်တဲ့ဆန္ဒရှိရဲ့လား အမျိုးသားသင့်မြတ်ရေး ပြန်လည်ရင်ကြားစေ့ရေး အတွက်ဆိုတာကိုရော တကယ်ဖြစ်ဖို့အတွက် ဦးတည်တာမှဟုတ်ရဲ့လားလို့ ကျနော်သံသယ ဝင်သွားတယ်။ ဒီသမ္မတကိုလဲ တိုက်ရိုက်မေးချင်တယ် ဘာလို့ တွန့်တို နေရတာလဲလို့ သူ့အိတ်ထဲက စိုက်ရတာမှ မဟုတ်ဘဲနဲ့"

အခုလို လွတ်မြောက်လာပြီ ဖြစ်တာကြောင့် သူ့အနေနဲ့ ရှေ့ဆက်ဘာတွေ လုပ်ဆောင်သွားမယ် ဆိုတာကိုလဲ ကိုဇာဂနာကရှင်းပြပါတယ်။

"ကျနော်ရည်စူးထားတာကတော့ ကျနော်တို့ ၈၈ တုန်းကတည်းက လမ်းပေါ်ထွက်ခဲ့တယ်ဆိုတာ လမ်းပေါ်နိုင်ငံရေးလို့ပဲ ပြောပြော Activist လို့ပဲပြောပြော အပျင်းပြေထွက်ခဲ့ကြတာမှ မဟုတ်ဘဲ၊ ပါတီစုံဒီမိုကရေစီရရှိရေးဆိုပြီး တောင်းဆိုခဲ့ကြတာကိုး။ အဲဒီတော့ ကျနော်တို့ အဲဒီနေရာကို ရောက်ခါနီးစဲစဲပဲရှိသေးတယ် မရောက်သေးဘူးလို့ ယုံကြည်တယ်။ အဲဒီအတွက် ကျနော် နောက်ထပ်လုပ်ရမှာတွေ အများကြီးကျန်သေးတယ်"

ဟာသ သရုပ်ဆောင် ကိုဇာဂနာဟာ ၂၀၀၈ နာဂစ်မုန်တိုင်းသင့်ပြည်သူတွေကိုကူညီကယ်ဆယ်ရေးလုပ်ခဲ့ပြီးနောက်အဖမ်းဆီးခံရကာ ထောင်ဒဏ် (၃၅)နှစ် အချခံထားရသူပါ။ ၃ နှစ်ခွဲနီးပါးအကျဉ်းထောင်ထဲမှာနေခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာတာဖြစ်ပါတယ်။

# မြန်မာအစိုးရ ပြုပြင်ပြောင်းလဲရေးလုပ်သမျှ အမေရိကန် တုံ့ပြန်သွားမည်

**VOA ၊ အောက်တိုဘာ ၁၀ ။** ။ မြန်မာနိုင်ငံမှာ အားရစရာကောင်းတဲ့ အခြေအနေတချို့ကို တွေ့မြင်နေရပေမဲ့လည်း ပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည် ဖော်နေပြီလို့ ပြောဖို့အတွက်ကတော့ အချိန်စောသေးတယ်လို့ အမေရိကန်ပြည်ထောင်စုရဲ့ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ့်ဘဲလ် (Kurt Campbell) က ပြောလိုက်ပါတယ်။ ဒါပေမဲ့လည်း မြန်မာအစိုးရအနေနဲ့ ဒီထက်ပိုပြီး အပြုသဘောဆောင် ရေရှည်တည်တံ့တဲ့ ခြေလှမ်းတွေ လှမ်းနိုင်ခဲ့မယ်ဆိုရင် အမေရိကန်ပြည်ထောင်စုကလည်း အလားတူ တုံ့ပြန်သွားမှာဖြစ်တယ်လို့ အာရှဆိုင်ရာ မူဝါဒနဲ့ပတ်သက်လို့ ဝန်ကြီး ကမ့်ဘဲလ်က ဒီကနေ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ပြောဆိုသွားတာပါ။ အပြည့်အစုံကိုတော့ ဘန်ကောက်မြို့ရောက် ဗွီအိုအေ ဝိုင်းတော်သူ ဒေါ်ခင်စိုးဝင်းက တင်ပြထားပါတယ်။

အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ့်ဘဲလ်ဟာ အမေရိကန် ပြည်ထောင်စုရဲ့ အာရှနိုင်ငံများနဲ့ ထိတွေ့ ဆက်ဆံရေးဆိုတဲ့ခေါင်းစဉ်နဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ချူလာလောင်ကောင်း တက္ကသိုလ်မှာ ဒီကနေ့ မိန့်ခွန်းပြောဆိုရင်း မြန်မာ့နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုနဲ့ပတ်သက်ပြီး အခုလိုမှတ်ချက်ချပြောဆိုသွားတာဖြစ်ပါတယ်။

"မြန်မာအစိုးရက ပြုပြင်ပြောင်းလဲရေး ခြေလှမ်းတွေလှမ်းလာတာနဲ့အမျှ အမေရိကန်ပြည်ထောင်စုအနေနဲ့ အလားတူခြေလှမ်းနဲ့တုံ့ပြန်ဖို့ပြင်ထားပြီးဖြစ်ပါတယ်၊ အမေရိကန်အုပ်ချုပ်မှုအစိုးရပိုင်းနဲ့ ဥပဒေပြုလွှတ်တော်နဲ့ပါ မြန်မာ့အရေးကို တိုင်ပင်နှီးနှောနေကြပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ဒီထက်မက လုပ်စရာတွေအများကြီး ကျန်နေဆဲဖြစ်တယ်လို့ ယူဆပါတယ်။ အမေရိကန် ပြည်ထောင်စုအနေနဲ့ အစဉ်တစိုက်စိုးရိမ်မကင်းဖြစ်နေရတဲ့အချက်တွေ အများကြီးရှိနေပါသေးတယ်။ တချိန်တည်းမှာပဲ မြန်မာပြည်တွင်း သိသိသာသာအပြုသဘောဆောင်တဲ့ခြေလှမ်းတွေ မကြာမီတွေ့ရတော့မယ်ဆိုတဲ့ လက္ခဏာတွေကိုလည်း ထင်ဟပ်နေတာတွေ့ရပါတယ်။ မြန်မာပြည်ရဲ့ အနာဂတ်တိုးတက်ရေးအတွက်လည်း အမေရိကန်ပြည်ထောင်စုကအားပေးထောက်ခံသွားမှာဖြစ်ပါတယ်။"

မြန်မာပြည်တွင်း ဖြစ်ထွန်းတိုးတက်မှုတွေကို အမေရိကန်ပြည်ထောင်စုက အနီးကပ်စောင့်ကြည့်နေတဲ့ အကြောင်းကိုလည်း မစ္စတာ ကာ့တ် ကမ့်ဘဲလ်က အခုလို ပြောဆိုသွားပါတယ်။

"မြန်မာပြည်ရဲ့ နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုတိုင်းကို ကျနော်တို့ ဂရုတစိုက်စောင့်ကြည့်နေပါတယ်။ ရေကာတာ တည်ဆောက် ရေးစီမံကိန်းဆိုင်းငံ့လိုက်တာကအစ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံ ဆွေးနွေးပြောဆိုတာမျိုး၊ လွှတ်တော်တွေမှာ ကိစ္စရပ် တစ်ခုချင်းစီအလိုက် အခြေအတင်ဆွေးနွေးတာမျိုးအဆုံး မျက်ခြေမပြတ် အကဲခတ်စောင့်ကြည့်နေပါတယ်။"

မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ဟာ ပြီးခဲ့တဲ့လတုန်းက ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်စဉ် အမေရိကန် ထိပ်တန်းသံတမန်တွေနဲ့တွေ့ဆုံခဲ့ပါတယ်။ အဲဒီတုန်းကဦးဝဏ္ဏမောင်လွင်က မြန်မာအစိုးရဟာ ပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည် ဖော်နေပြီဖြစ်တာကြောင့်မို့လို့ အမေရိကန်ပြည်ထောင်စုက တားဆီးပိတ်ဆို့မှုတွေရုပ်သိမ်းပေးပါလို့မေတ္တာရပ်ခံခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာပြည်ရဲ့လက်ရှိပြုပြင် ပြောင်းလဲရေးအပေါ် သုံးသပ်ချက်ကိုတော့ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကာ့တ်ကမ့်ဘဲလ်က အခုလို ရှင်းပြပါတယ်။

"မြန်မာပြည်ရဲ့ လက်ရှိပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဟာရေရှည်တည်တံ့မှာလား၊ တိုးတက်မှုရှိမှာလားဆိုတာကို အမေရိကန်ပြည်ထောင်စုက စောင့်ကြည့် နိဒါန်းပျိုးတဲ့အဆင့်ပဲ ရှိပါသေးတယ်။ နှစ်တွေနဲ့ချီ စောင့်ကြည့်လာခဲ့တဲ့ အခြေအနေဟာ ရေရှည်တည်တံ့မယ့် တိုးတက်မယ့် လက္ခဏာတွေ ဟုတ်မဟုတ်ဆိုတာကို ဦးဆောင်ကြိုးဝင်စေ့စပ်ပေးနေသူတွေကတဆင့် အမေရိကန်ပြည်ထောင်စုက သိရှိရလို့ ရှင်းရှင်းလင်းလင်း နားလည်ထားပါတယ်။ ဒါတွေဟာ လျှို့ဝှက်ထားတဲ့အရာတွေလည်းမဟုတ်ပါဘူး။ တကယ် အမှန်တိုးတက်မှု ရှိမရှိဆိုတာကလည်း နီးနီးကြားကြားနဲ့ အမေရိကန်ပြည်ထောင်စုက စောင့်ကြည့်နေပါတယ်။"

အရင်တုန်းက မြန်မာပြည်ရဲ့အခြေအနေနဲ့ အခုလက်ရှိ နိုင်ငံရေးအခြေအနေ မတူတော့ဘူးဆိုတာကိုတော့ အမေရိကန်ပြည်ထောင်စုအနေနဲ့ အသိအမှတ်ပြု လက်ခံပေမဲ့ တကယ့်ကန့်လန့်ကာနောက်ကွယ်က မြန်မာ့နိုင်ငံရေးကတော့ အကဲခတ်ရတာ ခက်ခဲလှပါတယ်လို့ မစ္စတာ ကမ့်ဘဲလ်က အခုလို မှတ်ချက်ချပါတယ်။

"ကန့်လန့်ကာနောက်ကွယ်မှာ ဘာတွေဖြစ်နေသလဲ ဆိုတာ ကျနော်တို့အတွက် ပဟေဠိဖြစ်နေဆဲပါ။ အခု မြန်မာသမ္မတ ဦးသိန်းစိန်ကို အရင်တုန်းက စစ်အစိုးရလက်ထက် ဝန်ကြီးချုပ်ဘဝနဲ့ကျနော်တွေ့ဆုံခဲ့ဖူးပါတယ်။ ခဏပဲ တွေ့ခဲ့ရလို့ အကဲဖြတ်ဖို့ခက်ခဲပါ တယ်။ ဒါပေမဲ့ သူ့ကိုတွေ့ဖူးတဲ့သူ အတော်များများကတော့ သူဟာ တကယ့်ကို လေးလေးနက်နက်ဦးဆောင်စေ့စပ်ပေးတဲ့ သူတစ်ယောက် ဖြစ်တယ်လို့မှတ်ချက်ချကြပါတယ်။ ထိတွေ့ဆက်ဆံရမှာလည်း အရင်ကနဲ့မတူ တမူကွဲပြားတဲ့သူ တစ်ယောက်ဖြစ်ပါတယ်။"

အရှေ့အာရှနဲ့ ပစိဖိတ်ဒေသရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးကာ့တ်ကမ့်ဘဲလ်က မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု တိုးတက်အောင် အရှိန်အဟုန်မြှင့်ဖို့ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရမယ်။ တိုင်းရင်းသားဒေသတွေမှာအင်အားသုံးနှိပ်ကွက်နေတာတွေကိုရပ်စဲပြီး နိုင်ငံရေးအရ အဖြေရှာဖို့လိုတယ်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေကိုလိုက်နာပြီးမြောက်ကိုရီးယားနဲ့ နျူကလီးယားအစီအစဉ် ပူးပေါင်းဆောင်ရွက်တာတွေ မလုပ်တာစတဲ့ခြေလှမ်းတွေကို လှမ်းပြဖို့လိုတယ်လို့လည်း မှတ်ချက်ချပြောဆိုသွားပါတယ်။

---

## အာဏာရှင် စနစ်မှ
## ဒီမိုကရေစီ စနစ်သို့

# လွတ်ငြိမ်းချမ်းသာခွင့်နဲ့ နိုင်ငံရေးအကျဉ်းသား ၂၀၀ ခန့်လွတ်မြောက်လာ

**RFA ၊ အောက်တိုဘာ ၁၂။** ။ သမ္မတဦးသိန်းစိန်ရဲ့ အကျဉ်းသားလွတ်ငြိမ်းချမ်းသာခွင့်အရ ဒီကနေ့ သီတင်းကျွတ်လပြည့်နေ့မှာလွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်မြောက်လာသူတွေထဲမှာယုံကြည်ချက်ကြောင့်အကျဉ်းကျနေသူ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်ပါဝင်တယ်လို့ ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP) က သတင်းထုတ် ပြန်ပါတယ်။

RFA က သီးခြား စုံစမ်းချက်အရ အင်းစိန်အကျဉ်းထောင်က အမျိုးသား ၅၆၄ ဦး၊ အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၆၄၂ ဦးကို အသုတ်လိုက်ခွဲပြီး လွှတ်ပေးမယ်လို့ ကနဦးသတင်းများရရှိခဲ့ပြီး ဒီအထဲမှာ နိုင်ငံရေးအကျဉ်းသား ၃၀ ကျော်ပါဝင်တယ် လို့သိရပါ တယ်။

စစ်ကိုင်းတိုင်း ခန္တီးထောင်ကနေ လယ်သမားအခွင့်ရေးဆောင်ရွက်သူ မစုစုနွေး လွတ်မြောက်လာတယ်လို့ သတင်းရရှိပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်အကျဉ်းထောင်မှာ အကျဉ်းကျခံနေရသူတွေထဲက ကိုသန်းထွန်းဇင်၊ ကိုကိုကြီး (စမ်းချောင်း) နှင့် အခြားတစ်ဦးစုစုပေါင်းသုံးဦး ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အဆိုပါအကျဉ်းထောင်က ဆိုပါတယ်။

ရှမ်းပြည်နယ် ကျိုင်းတုံထောင်က လွတ်မြောက်သူတွေထဲမှာ ဂျာနယ်မန်နေဂျာ ဦးစိန်ဝင်းမောင်၊ ဦးသုတဉာဏ (ဦးသန်းဇော် - ရွှေပြည်သာ)၊ ဦးအိန္ဒြိယ (ငွေကြာရုံစာသင်တိုက် - ဦးအောင်သူငြိမ်း)၊ ဦးစိုးမင်းဦးတို့ ဖြစ်ကြပါတယ်။

တောင်ကြီးထောင်က လွတ်မြောက်လာတဲ့ အကျဉ်းသား ၂၀၀ ကျော်မှာ နိုင်ငံရေးအကျဉ်းသား တဦးသာ လွတ်မြောက်ကြောင်းသိရပါတယ်။ လွတ်မြောက်လာသူကတော့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်အမတ် ဦးကျော်ခင်ဖြစ်ပြီး ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဂျင်မီ၊ ဗကသ အဖွဲ့ဝင် ကိုကျော်ကိုကိုတို့ ပါဝင်ခြင်း မရှိဘူးလို့ သွားရောက်စုံစမ်းခဲ့တဲ့ ကိုကျော်ကိုကို၏ ဖခင်က ပြောပါတယ်။

လားရှိုးအကျဉ်းထောင်က အကျဉ်းသား ၉၂ ဦး လွတ်ငြိမ်းချမ်းသာခွင့်ရရှိပြီး၊ လက်ရှိအချိန်အထိ ယုံကြည်ချက်ကြောင့် အကျဉ်းကျသူ ၄ဦးသာ လွတ်မြောက်မည့် စာရင်းထဲမှာ ပါဝင်လာကြောင်းသိရပါတယ်။ စာရင်းထဲပါဝင်လာသူတွေကတော့ ဦးစိတ္တမာ၊ ဦးအောင်ဇော်ဦး (NLD)၊ ဦးအုန်းကျော် (NLD)၊ တင်တင်ချို (NLD) ဖြစ်တယ်လို့ သိရပါတယ်။

တောင်ငူထောင်က နိုင်ငံရေးအကျဉ်းသား ၅ ဦးနှင့် စစ်ထောက်လှမ်းရေးတချို့ လွတ်မြောက်မည်လို့ သတင်းရရှိပါတယ်။ ၁၉၈၉ခုနှစ် သန်လျင်ရေနံချက်စက်ရုံဖောက်ခွဲမှုနဲ့ ထောင်ဒဏ် နှစ် ၃၀ချမှတ်ခံထားရတဲ့ ကိုညီညီဦး၊ ပုဒ်မ ၅ နဲ့ ထောင် ဒဏ် ၂၄ နှစ်ကျခံနေရတဲ့ စောမြင့်နိုင်နဲ့ဦးအေးရွှေ၊ ထောင်ဒဏ် ၁၇ နှစ်ကျခံနေရတဲ့ ကိုဇော်ရဲဝင်း၊ ကိုအောင်သန့်ဇင်ဦး၊ ကိုအောင်ဇေဖြိုးတို့ ပါဝင်ကြောင်းနဲ့စစ်ထောက်လှမ်းရေးဟောင်း ဗိုလ်မှူးကျော်ကျော်ထွန်းလည်း လွတ်မြောက်တယ်သိရပါတယ်။

သာယာဝတီ အကျဉ်းထောင်က အကျဉ်းသား ၆၅ ဦးလွတ် ငြိမ်းချမ်းသာခွင့်ရရှိခဲ့ပြီး ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူ ၂၉ ဦး ပါဝင်ပါတယ်။ အဲဒီအထဲမှာ အရှင်နန္ဒဝံသ၊ အရှင်တေဇိန္ဒ၊ ကိုကြည်လွင်၊ ကိုစိုးမြင့်၊ ကိုစိုးလှိုင်၊ မဇန်ဇန်၊ ကိုကျော်မျိုးဝင်း၊ ဦးညွန့်မောင်၊ ကိုလှဝင်း၊ မငယ်၊ ကိုမောင်ဇော်တို့ ပါဝင်တယ်လို့ သိရပါတယ်။

မန္တလေးထောင်ကနေ လွတ်မြောက်လာတဲ့အကျဉ်းသား(၄၀၈) ဦးထဲမှာ နိုင်ငံရေးအကျဉ်းသား (၄၅)နဲ့ တပ်မတော် ထောက်လှမ်းရေး အကျဉ်းသား (၁)ဦး ပါဝင်တယ်လို့ စုံစမ်းသိရှိရပါတယ်။ မစိုးရိမ်ကျောင်းတိုက်မှ သံဃာ ၈ ပါးနှင့် ဦးလှစိုး၊ ဦးကျော်ညွန့်တို့ပါဝင်ပြီး ၈၈ မျိုးဆက်ကျောင်းသား ကိုလှမျိုးနောင် ပါဝင်ခြင်းမရှိသေးဘူးလို့ သိရပါတယ်။ သရက်ထောင်ကနေ အကျဉ်းသား ၉၃ ဦးလွှတ်ပေးခဲ့ရာမှာ နိုင်ငံရေးအကျဉ်းသား ၁၆ ဦး ပါဝင် တယ်လို့ သိရပါတယ်။ ဒီအထဲမှာ ILO အမှုနဲ့ ထောင်ကျခဲ့တဲ့ ကိုဇော်ဌေးပါတယ်လို့ သိရပါတယ်။

ကလေးထောင်ကနိုင်ငံရေးအကျဉ်းသား၈ဦးလွတ်လာတယ်လို့ သိရပါတယ်။ မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးသန်းလွင် (သံလက်သီးနဲ့ အထိုးခံရလို့ မျက်လုံးတစ်ဘက်ကွယ်) က ယားပြည်နယ် လွိုင်ကော်ထောင်ကနေ ဒီကနေ့လွတ်လာပါတယ်။

ရခိုင်ပြည်နယ် ကျောက်ဖြူထောင်က အောင်ကိုကိုလွင် (ဦးဂန္တီရညီ)၊ ပြည်ထောင်က ဖြိုးကျော်ကျော် လွတ်လာတယ်လို့ သိရပါတယ်။

မြောင်းမြထောင်က ၄ ဦးလွတ်လာရာမှာ ဦးဇော်ထူး(မောင်မောင်ထူး)၊ ဦးအောင်သန်းထွန်း၊ ဦးအဂ္ဂဓမ္မနဲ့ ကိုရဲမင်းနိုင် (တောင်ငူ) တို့ ဖြစ်ပါတယ်။

မြင်းခြံထောင်ကနိုင်ငံရေးအကျဉ်းသား၅ဦးလွတ်လာရာမှာ GW အဖွဲ့က ကိုသီဟဝင်းတင်၊ ဗိုလ်မှူးဟောင်းမြင့်ဦး၊ ကိုနန်းဝေ၊ကိုအောင်ကျော်မိုး ခေါ် ကိုမိုးထက်နေ၊ ကိုအောင်သိုက်စိုးခေါ် ကိုမင်းသိုက်တို့ဖြစ်တယ်လို့ သိရပါတယ်။

ကချင်ပြည်နယ် ပူတာအိုထောင်က ကိုဘိုဘိုဝင်းလှိုင်၊ မထက်ထက်ဦးဝေ၊ မမြမြသိမ့်တို့ လွတ်လာတယ်လို့ သိရပါတယ်။

---

**မျက်နှာဖုံးမှ**

ဒါ့အပြင် အခုချိန်ထိ ဒီမိုကရေစီရေး ကြိုးပမ်းရုန်းကန်နေရတဲ့ မြန်မာနိုင်ငံအတွက်အကူအညီတွေပေးကြဖို့ကိုလည်းပန်ကြားခဲ့ပါတယ်။

"ဗားဆလပ်ဟာဗဲလ်ကို ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ဒါ့အပြင် ကျမတို့နိုင်ငံအတွက်မားမားမတ်မတ်ရပ်တည်ပေး ကြတဲ့တခြား မိတ်ဆွေတွေလည်း ကျမတို့နိုင်ငံ လွတ်လပ်ရေး၊လုံခြုံမှုရှိရေးတို့အတွက် ဆယ်စုနှစ်နဲ့ချီ ရုန်းကန်လှုပ်ရှားနေတာကို ကူညီခဲ့ကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တရားဥပဒေ စိုးမိုးမှုအောက်မှာ လွတ်လပ်မှုနဲ့ လုံခြုံမှုဟာ အပြန်အလှန် ဟန်ချက်ညီဖို့လိုပါတယ်။ ကျမတို့ဒီမိုကရေစီရဖို့ ကြိုးပမ်းနေတာဟာလည်း ကာလအတော်ကြာပြီဖြစ်ပေမဲ့ အခုထိမရသေးတာမို့ မိတ်ဆွေနိုင်ငံတွေရဲ့ အားပေးမှုကို အများကြီးလိုအပ်ပါတယ်။ ကျမတို့နဲ့အတူရပ်တည်ပေးပါ။"

တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်တဲ့ မြန်မာနိုင်ငံမှာစစ်မှန်တဲ့စည်းလုံးညီညွတ်မှုတွေရဖို့အတွက် လူတိုင်းတရားမျှတမှုနဲ့တန်းတူရည်တူရှိလာမယ့် တရားဥပဒေစိုးမိုးမှုရှိဖို့ လိုအပ်တယ်လို့ဆိုပါတယ်။ ဒီတရားဥပဒေစိုးမိုးမှုအတွက်ရှိပါတယ်လို့ ပြောနေတာထက်တကယ်ကိုယ်တိုင်ခံစားကြရတာမျိုးဖြစ်လာဖို့လိုအပ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

# အပြောင်းအလဲ ဖြစ်လာနိုင်စရာရှိ

RFA အသံလွှင့်ဆောင်းပါး

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလိုက်တာဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဦးတည်လာနေတယ်လို့ ယူဆကောင်း ယူဆနိုင်ပါတယ်။ ဒါပေမယ့် အနောက်နိုင်ငံကြီးတွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးဖို့ တဖက်မှာလည်း တောင်းဆိုနေကြပါတယ်။ ဒီအကြောင်း ယခုတပတ်တင်ပြထားတဲ့ ဝါရင့်သတင်းစာဆရာ Larry Jagan က RFA ကို သတင်းဆောင်းပါး ပေးပို့ထားပါတယ်။

မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲက နိုင်ငံရေးအကျဉ်းသားတဦးတည်း လွတ်မြောက်လာတယ်ဆိုရင်တောင် အားလုံးအနေနဲ့ကြိုဆိုရမယ့်အချက်ပါ။ ဒီသတင်းပတ်အတွင်း နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်လွတ်မြောက်လာတာကို လေးလေးနက်နက် သဘောထားသင့်ပါတယ်။

စစ်အစိုးရ အာဏာရယူခဲ့တဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၃ နှစ်ကနေ တွက်ကြည့်လိုက်ရင် အခုလွတ်မြောက်လာတဲ့ အရည်အတွက်ဟာ အများဆုံးဖြစ်ပါတယ်။ ဒါပေမယ့် အရေးကြီးတဲ့ နိုင်ငံရေးအကျဉ်းသားတွေဖြစ်တဲ့ ရှမ်းအမျိုးသားခေါင်းဆောင် ဦးခွန်ထွန်းဦး၊ ကိုမင်းကိုနိုင်နဲ့ တခြား ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ အကျဉ်းထောင်တွေထဲမှာရှိနေဆဲပါ။ သူတို့တွေ အားလုံးလွတ်မြောက်လာမှသာလက်ရှိအစိုးရဟာ အမျိုးသားရင်ကြားစေ့ရေးအပေါ် လေးနက်မှုရှိတယ်လို့ ယူဆနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးခြင်းကို အစိုးရက လုပ်ငန်းစဉ်အဆင့်ချင်းအလိုက် အကောင်အထည်ဖော်နေတဲ့ သဘောဖြစ်ပါတယ်။ မကြာခင်ကာလမှာ နောက်ထပ် နိုင်ငံရေးအကျဉ်းသား ၂၀၀ လောက်ကို နှစ်သုတ်ခွဲပြီး လွှတ်ပေးဖို့ရှိတယ်လို့ အစိုးရသတင်းရပ် ကွက်က ပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးခြင်းနဲ့ နောက်ထပ်လွှတ်ပေးနိုင်ဖို့ဆိုရာမှာလည်းအခြေအနေအားလုံးဟာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အပေါ်မှာမူတည်တယ်လို့ အစိုးရဝန်ကြီးတဦးကပြောဘူးပါတယ်။ အခုလွတ်မြောက်လာသူ နိုင်ငံရေးအကျဉ်းသားတွေက အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေ မလုပ်ဘူးဆိုရင် နောက်ထပ် လွတ်စရာလမ်းစရှိတယ်လို့ ပြောပါတယ်။

အခုသတင်းပတ်အတွင်း လွတ်မြောက်လာသူ အများစုဟာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နဲ့ဆက်စပ်နေသူတွေ ဖြစ်ပါတယ်။ဒါကလည်းတိုက်ဆိုင်မှုမဟုတ်ပါဘူး။ အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည် NLD နဲ့ နားလည်မှုတည်ဆောက်လိုတဲ့သဘောဖြစ်တယ်လို့စစ် တပ်အသိုင်းအဝိုင်းကဆိုပါတယ်။

၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေဟာ နောက်ဆုံးမှလွတ်မြောက်လာမယ့်သူတွေလို့ယူဆရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရအမြင်မှာ ၈၈ ကျောင်းသား ခေါင်းဆောင်တွေဟာ ခန့်မှန်းရခက်သလို ထိန်းချုပ်ရ ခက်သူတွေဖြစ်တယ်လို့ အမြင်ရှိနေလို့ပါဘဲ။ တကယ်လို့ ၈၈ မျိုးဆက်ခေါင်းဆောင်တွေ လွတ်မြောက်လာရင်တောင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ပေးဖို့ သမ္မတဦးသိန်းစိန်က တောင်းဆိုဘူးတယ်လို့ ယုံကြည်ရပါတယ်။

လာမယ့် နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာကြားဖြတ်ရွေးကောက်ပွဲမှာ အစိုးရအတွက် အနှောင့်အယှက်ကင်းကင်းနဲ့ ရွေးကောက်ပွဲကျင်းပပြီးမှသာ ၈၈ ခေါင်းဆောင်တွေ လွတ်မြောက်လာနိုင်တယ်လို့ ယူဆရပါတယ်။ သမ္မတဦးသိန်းစိန်ဟာ အထူးသတိထားဆောင်ရွက်သူဖြစ်တယ်လို့ နေပြည်တော်အသိုင်းအဝိုင်းက ဆိုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းသဘောအရဆိုရင် အခုလွှတ်ပေးလိုက်တဲ့ အရည်အတွက်ထက် နည်းနည်း ပိုလွှတ်ပေးလိုပြီး သမ္မတဦးသိန်းစိန်က အဲဒီအချက်အပေါ် သဘောမတူခဲ့ဘူးလို့ ဆိုပါတယ်။ သမ္မတဦးသိန်းစိန်ဟာ ဖြည်းဖြည်းချင်းဘဲ သွားလိုတဲ့သဘောရှိတယ်လို့ ဆိုပါတယ်။

မြန်မာ့ဒီမိုကရေစီအရေး လိုလားသူတွေအနေနဲ့ စိတ်မရှည်နိုင်ဖြစ်ပြီး အားလုံးအမြန်ဆုံးလွှတ်ပေးဖို့ တောင်းဆိုတာဟာ သဘာဝကျလှပါတယ်။ ဒါပေမယ့် သမ္မတဦးသိန်းစိန်အတွက် လုပ်ရကိုင်ရ လွယ်ကူအောင် အခြေအနေလည်းဖြစ်ဖို့လိုအပ်ပါတယ်။ သမ္မတဦးသိန်းစိန် အပါအဝင် ပြုပြင်ပြောင်းလဲရေးသမားတွေဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ စာမျက်နှာအသစ်တခု ဖွင့်လှစ်ဖို့ ကြိုးပမ်းနေတယ်ဆိုတာ ထင်ရှားပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ နေ့ချင်း ညချင်း တည်ဆောက်လို့ရတဲ့စနစ်မဟုတ်ပါဘူး။ လက်ရှိပါလီမန်ဟာကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကထိန်းချုပ်ထားတာဖြစ်ပေမယ့် လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တွေရဲ့လုပ်ပိုင်ခွင့် တဖြည်းဖြည်း ရလာပြီဆိုရင် လွှတ်တော်ဟာ ပြောင်းလဲမှုတွေအတွက် အဓိက အင်အားဖြစ်လာမှာပါ။

နှိုင်းယှဉ်ကြည့်ရင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီညီလာခံတွေလောက် မဆိုးဘူးဆိုတာ အထင်အရှားပါ။ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲဟာ အမတ်နေရာ ၄၀ ခန့်ရှိပြီး အလွန်အရေးကြီးတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ တကယ်လို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဟာ နေရာတော်တော်များများ ရှုံးခဲ့ရင် ကျန်တဲ့ ပါတီတွေ နိုင်ခဲ့ရင် အတိုက်အခံအင်အားကောင်းလာမယ့် လက္ခဏာပါ။

ဒါကြောင့် အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDအနေနဲ့ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်ရေးဟာ အရေးကြီးတယ်လို့ ပြုပြင်ပြောင်းလဲရေးကို လိုလားသူတွေကမြင်ကြပါတယ်။ ရွေးကောက်ပွဲဆိုင်ရာဥပဒေတွေကိုလည်း အများလက်ခံနိုင်မယ့် အခြေအနေဖြစ်အောင် ပြောင်းလဲဖို့ကြိုးစားနေတာ တွေ့ရပါတယ်။ ဒီအချက်တခုတည်းနဲ့တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပါတီပြန်လည်မှတ်ပုံမတင်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ပြင်ဖို့ ခက်တာအမှန်ဘဲဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် လက်မခံနိုင်စရာဖြစ်နေတယ်ဆိုတာလည်းအမှန်ပါဘဲ။

NLD အနေနဲ့ ရွေးကောက်ပွဲဝင်ပြီး အမတ်နေရာတွေယူမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း ဝင်ရောက်အရွေးခံပြီး ပါလီမန်အတွင်း အတိုက်အခံခေါင်းဆောင်အဖြစ် စဉ်းစားမယ်ဆိုရင် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးဟာ ဖြစ်လာနိုင်စရာအကြောင်းရှိပါတယ်။ တကယ်တော့ သမ္မတဦးသိန်းစိန်ကလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြန်လည်ပြင်ဆင်ရမယ်ဆိုတာကိုလက်ခံထားသူဖြစ်တယ်လို့လည်း နီးစပ်သူတွေကပြောကြောင်း တင်ပြလိုက်ရပါတယ်။

**အောက်တိုဘာ ၁၀ ।** XNA, BEIJING ॥ ॥ တရုတ်နှင့် မြန်မာတို့သည် မြစ်ဆုံဆည် စီမံကိန်း ရပ်တန့်ခဲ့သည့်ကိစ္စကို အေးဆေးစွာဖြေရှင်းမည်ဟု ဆိုကြ၏။

**အောက်တိုဘာ ၁၀ ।** Bernama ॥ ॥ မလေးရှားတွင် အများဆုံးမှီခိုသူ နိုင်ငံသားသည် မြန်မာများဖြစ်၏။

**အောက်တိုဘာ ၁၀ ।** Irrawaddy ॥ ॥ လုံခြုံရေးအဓိကဆွေးနွေးရန် သမတဦးသိန်းစိန် သည် အိန္ဒိယသို့ သုံးရက်ခရီးစတင်၏။

**အောက်တိုဘာ ၁၀ ।** Irrawaddy ॥ ॥ ရောဝတီမဂ္ဂဇင်း၏ အယ်ဒီတာ ဦးအောင်ဇော်နှင့် ပြုလုပ်သည့် အင်တာဗျူးကို ပြည်တွင်းထုတ် Weekly Eleven မှ ထည့်သွင်းထုတ်ဝေခွင့်ရခဲ့၍ အံ့အားသင့်ကြောင်း ဦးအောင်ဇော်မှဆို၏။

**အောက်တိုဘာ ၁၀ ।** Irrawaddy ॥ ॥ အဲန်အဲလ်ဒီပါတီအား မှတ်ပုံတင်ရန် လုံး၀ မရေရာသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**အောက်တိုဘာ ၁၀ ।** Mizzima ॥ ॥ ပြည်ထောင်စုအမည်ဖြင့် အပတ်စဉ် ဂျာနယ်တစောင် မကြာခင် ထွက်မည်။

**အောက်တိုဘာ ၁၀ ।** Mizzima ॥ ॥ မြန်မာသည် တဖြည်းဖြည်း ဗမာပြန်ဖြစ်လာနေသည်ဟု ဆိုနိုင်ကြောင်း  သတင်းဝေဖန်ချက်မှဆို၏။

**အောက်တိုဘာ ၁၀ ।** Mizzima ॥ ॥ ရွှေ လုပ်ရှားမှုသည် မြန်မာတွင် ရခိုင်ပြည်နယ် ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းအား ရပ်ဆိုင်းရန် တောင်းဆို၏။

**အောက်တိုဘာ ၁၀ ।** DVB ॥ ॥ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင်သည် မမျှော်လင့်ဘဲ တရုတ်သို့ ခရီးနှင့်ခဲ့၏။

**အောက်တိုဘာ ၁၀ ।** The Star, XNA ॥ ॥ တရုတ်နှင့် မြန်မာတို့သည် မြစ်ဆုံဆည် စီမံကိန်း ရပ်တန့်ခဲ့သည့် ကိစ္စကို အေးဆေးစွာဖြေရှင်းမည်ဟု ဆိုကြ၏။

**အောက်တိုဘာ ၁၀ ।** RFA ॥ ॥ ဘူးသီးတောင်တွင် နိုင်ငံရေးအကျဉ်းထောင် ၆၅ နှစ် ကျနေသူ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်သည် ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း မိသားစုမှဆို၏။

**အောက်တိုဘာ ၁၁ ।** The Star ॥ ॥ တရားဝင် မြန်မာ လူ့အခွင့်အရေးအဖွဲ့သည် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ရန် သမတ ထံ ယနေ့ အိပ်ဖွင့်စာပို့၏။

**အောက်တိုဘာ ၁၁।** Asian Correspondent ॥ ॥ အကျဉ်းသား ၆ ထောင်ကျော် လွှတ်မည်ဟု မြန်မာမှဆိုသော်လည်း နိုင်ငံရေးအကျဉ်းသား ဘယ်နှစ်ဦး ပါမည်နည်း။

**အောက်တိုဘာ ၁၁ ।** BEIJING ॥ ॥ မြစ်ဆုံဆည်ဆောက်ခြင်းကို ရပ်စဲထားရာ ပြန်လည်စဉ်စားမည်ဟု မြန်မာမှ ဆိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးမှဆို၏။

**အောက်တိုဘာ ၁၁ ।** Malaysian Digest ॥ ॥ လူနည်းစုတိုင်းရင်းသားများအား မျိုးဖြုတ်မှုဖြင့် ကွာလာလမ်ပူလ် မြန်မာသံရုံးရှေ့တွင် မြန်မာမှ လူပ်ရှားသူ ၁၅၀ ခန့်မှ ဆန္ဒပြ၍ ပြည်တွင်းငြိမ်းချမ်းရေးတောင်းဆို၏။

**အောက်တိုဘာ ၁၁ ।** Daily Star, Bangladesh ॥ ॥ ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး မြန်မာဖက်မှ လမ်းဖေါက်နေမှုကို ရပ်စဲကာ သံကြိုးကာခြင်းကိုလည်း ပြန်ဖြုတ်မည်ဟု ဆိုကြောင်း။

**အောက်တိုဘာ ၁၁ ।** Irrawaddy ॥ ॥ မြစ်ဆုံဆည် စီမံကိန်း ရပ်စဲခဲ့မှုအတွက် မိမိတို့သည် နစ်နာကြေး ပေးကောင်းပေးရမည်ဟု နှစ်နိုင်ငံဖြေရှင်းပွဲအပြီး မြန်မာ သမတ ၏ ကိုယ်စားလှယ်မှဆို၏။

**အောက်တိုဘာ ၁၁ ।** Mizzima ॥ ॥ အောက်တိုဘာ ၇ တွင် တရုတ်အမျိုးသမီး သုံးဦး အား မြန်မာစစ်သားများမှ အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့ကြောင်း ကချင် လူ့အခွင့်အရေးအဖွဲ့ KNG မှဆို၏။

**အောက်တိုဘာ ၁၂ ।** DVB ॥ ॥ ယုံကြည်ချက်ကြောင့် အကျဉ်းကျ နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးလွှတ်စေချင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**အောက်တိုဘာ ၁၂ ।** Bloomberg ॥ ॥ မြန်မာသည် အကျဉ်းသား ၆၃၀၀ ကျော်လွှတ်ခဲ့ရာ ရှေ့တွင် ပိုမိုသိသာသည့် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်နိုင်ကြောင်း အဲန်အဲလ်ဒီ ဦးဉာဏ်ဝင်းမှဆို၏။

**အောက်တိုဘာ ၁၂ ।** DVB ॥ ॥  နိုင်ငံရေးအကျဉ်းသား ၃၀၀ ဦးခန့်အပါအဝင် လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် ယနေ့ လွှတ်လာသော်လည်း DVB သတင်းထောက် ၁၇ ဦးအနက် တဦးမှ လွှတ်မလာသေးကြောင်း။

**အောက်တိုဘာ ၁၂ ।** MSNBC ॥ ॥ လွှတ်ငြိမ်းချမ်းသာခွင့်တွင် လွှတ်လာသော နိုင်ငံရေးအကျဉ်းသားဦးရည်သည် နည်းလွန်းကြောင်း အပြည်ပြည်ဆိုင်ရာ လွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ မှ ဘင်ဂျာမင် ဇာဝပ်ကိမှဆို၏။

**အောက်တိုဘာ ၁၂ ।** UN Newswire ॥ ॥ ကုလအရာရှိကြီးအချို့ မြန်မာတွင် ယနေ့ ရောက်လာပြီး သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နည်း သက်သာစေနည်းများကို ဆွေးနွေးမည်။

**အောက်တိုဘာ ၁၂ ।** MANILA ABS-CBN News ॥ ॥ ယနေ့ နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားများ လွှတ်ခဲ့သော မြန်မာအား ဒီမိုကရေစီ ပြောင်းလဲမှုများ ပိုမိုပြုလုပ်ရန် ဖိလစ်ပိုင်သမတ Benigno Aquino မှ တိုက်တွန်း၏။

**အောက်တိုဘာ ၁၂ ।** WTN ॥ ॥ ယနေ့ သီတင်းကျွတ် လပြည့်နေ့တွင် လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်လာသူများတွင် နိုင်ငံရေးအကျဉ်းသားများပါလာသည်ကို အမေရိကန် နိုင်ငံခြားရေးတာဝန်ခံ Hillary Clinton မှ ကြိုဆို၏။

**အောက်တိုဘာ ၁၂ ।** BRUSSELS, EUbusiness ॥ ॥ ဥရောပသမဂ္ဂသည် မြန်မာတွင် နိုင်ငံရေးအကျဉ်းသားအချို့လည်း လွှတ်ငြိမ်းချမ်းသာခွင့်တွင် ပါလာ၍ ကြိုဆိုလိုက်၏။

**အောက်တိုဘာ ၁၂ ।** Irrawaddy ॥ ॥ လွှတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေးအကျဉ်းသားအချို့ လွှတ်လာသောလည်း ဩဇာအရှိဆုံးသူများ ပါမလာကြောင်း။

**အောက်တိုဘာ ၁၂ ।** Mizzima ॥ ॥ ယနေ့လွှတ်လာသူ ဇာဂနာသည် မိမိသည် နိုင်ငံရေး၊ လူမှုရေးနှင့် ဟာသအနုပညာ ဆက်လက်လုပ်မည်ဟုဎင်း၊ နိုင်ငံရေးသမားများသည် ဓါးစာခံများနှင့်တူသည်ဟုဎင်း၊ ဤသတင်းဌာန၏ မေးမြန်းချက်များဖြေဆိုရာတွင်ဆို၏။

**စာမျက်နှာ ၁၃ သို့**

# မြန်မာသမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာကို ရောက်ရှိ

**RFA । အောက်တိုဘာ ၁၂ ။** ။ သမ္မတ ဦးသိန်းစိန်နဲ့ အဖွဲ့ဟာ ၄ ရက်ကြာ ခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၊ ဗုဒ္ဓဂါယာကို ဗုဒ္ဓဟူးနေ့က ရောက်ရှိသွားပါတယ်။ သီတင်းကျွတ်လပြည့်နေ့က ဗုဒ္ဓဂါယာ မဟာဗောဓိညောင်ပင်အနီး ယခင်စစ်အာဏာရှင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဇနီး လှူဒါန်းခဲ့တဲ့ ဗုဒ္ဓဆင်းတုတော်ရှေ့ မှာ ဦးသိန်းစိန်နဲ့အဖွဲ့ ဆီမီးထွန်းညှိပူဇော်ခဲ့သလို ကြာသပတေးနေ့မနက်မှာတော့ မဇ္ဈိမဒေသ ဘုံကထိန်ခင်းမယ်လို့ စုံစမ်း သိရှိရပါတယ်။

မဇ္ဈိမဒေသ တဝိုက် မြန်မာကျောင်းထိုင် ဆရာတော်အားလုံးကို ပင့်ဖိတ်ပြီး ကထိန်သင်္ကန်းကပ်မယ့် အစီအစဉ်လည်း ရှိပါတယ်။သမ္မတကြီးမရောက်ခင် ၂ ရက်လောက်ကတည်းက ဗုဒ္ဓဂါယာတဝိုက် မကြုံစဖူး လုံခြုံရေးထူထူထပ်ထပ်ချထားတာဟာ အရင်အာဏာရှင်ဟောင်း ဦးသန်းရွှေထက် သာလွန်တယ်လို့လည်း ဗုဒ္ဓဂါယာက သံဃာတပါးက အာအက်အေကို မိန့် ခဲ့ပါတယ်။

သမ္မတဦးသိန်းစိန်ရဲ့ ခရီးစဉ်မှာ ယခင် စစ်အစိုးရခေတ် ၂ နိုင်ငံ သဘောတူပြီး အကောင်အထည်ဖော်လက်စ ကုလားတန်မြစ်ကြောင်း တိုးချဲ့ရေးနဲ့ဖွံ့ဖြိုးရေးစီမံကိန်း၊ ချင်းတွင်းမြစ်ကို အသုံးပြုပြီး ထမံသီရေအား လျှပ်စစ်စီမံကိန်း အခြေအနေတွေကို မကြာခင် နှစ်အနည်းငယ်မှာ အပြီးသပ်ဖို့ ဆက်လက်အကောင်အထည်ဖော်မဲ့ အကြောင်းလည်း သိရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ အကြီးဆုံးစက်မှုကုမ္ပဏီတခုဖြစ်တဲ့ တာတာမော်တော်ကား ထုတ်လုပ်ရေးစီမံကိန်းတွေဟာ ၂ နိုင်ငံသဘောတူထားပြီး လုပ်ငန်းတွေဖြစ်သလို ဧရာဝတီမြစ် အနောက်ဘက်ကမ်း ပြည်ခရိုင်အတွင်း စက်မှုဇုံတည်ထောင်ဆောင်ရွက်တဲ့ အစီအစဉ်တွေ ရှိနေတယ်လို့ အိန္ဒိယစီပွားရေးသတင်းတွေအရ သိရပါတယ်။ ဒါ့အပြင် ဆေးဝါးထုတ်လုပ်ရေး၊ အာစီယံ အဝေးပြေးကားလမ်း ဖောက်လုပ်ရေးကိစ္စတွေကိုလည်း အမေရိကန်ဒေါ်လာ ၁၀ သန်းခွဲဖိုးခန့် ရင်းနှီးလုပ်ကိုင်နေပါတယ်။

လောလောဆယ် ပြည်တွင်းမှာကျဆင်းနေတဲ့ ဆန်စပါးနဲ့လယ်ယာထွက်ကုန်တင်ပို့ရေးအစီအစဉ်တွေကို မြန်မာဘက်က တိုးမြှင့်လုပ်ဆောင်ဖို့ ဆန္ဒပြင်းထန်နေပြီး ဒီခရီးစဉ်အတွင်း စိုက်ပျိုးရေးသုတေသနဌာနကို သွားရောက်လေ့လာမယ်လို့လည်း သိရပါတယ်။

တချိန်က မြန်မာ့ဆန်ကို အာစီယံနဲ့ အိမ်နီးချင်း နိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ပေမဲ့ အခုတော့ အိန္ဒိယကိုယ်တိုင် ယခင်မြန်မာ့ဆန်ဈေးကွက် နိုင်ငံတွေကိုထိမ်းချုပ်ထားတာကြောင့် မြန်မာအဖို့ ဆင်းရဲတဲ့ အာဖရိက နိုင်ငံတွေကို ခြေဦးလှည့်နေတယ်လို့ အိန္ဒိယနိုင်ငံမှာ အနှစ် ၂၀ နေထိုင်ခဲ့ပြီး လက်ရှိဒီမိုကရက်တစ်ပါတီ(မြန်မာပြည်) ရဲ့ ဘဏ္ဍာရေးမှူးဦးအောင်ငြိမ်းက ပြောပါတယ်။

"ဗမာပြည်မှာ ဆန်က စိုက်ပျိုးတာလည်း နည်းလာတယ်။ အရည် သွေးလည်း ညံ့လာတော့ နည်းသစ်တွေနဲ့လုပ်လာတယ်။ အိန္ဒိယကလည်း ဗမာ့ဖောက်သည်ဖြစ်ခဲ့တဲ့ နိုင်ငံတွေမှာလုပ်နေကြတယ်။ ဗမာ့ ဈေးကွက်လက်လွတ်သွားတဲ့ နေရာတွေပေါ့။ အခုဗမာပြည်ထွက် ဆန်တွေက အာဖရိကဘက် ဦးတည်နေတယ်။ တခေတ်တုံးကမောလ်ဒိုက်စ်တို့လို ကျွန်းနိုင်ငံလေးတွေက ဗမာ့ဆန်ကို ယူကြတယ်။ ဗီယက်နမ်လည်း ဆန်ပိုထွက်နေတယ်။ ယိုးဒယားဆန်လည်း ကွာလတီကောင်းတော့ ရင်ဘောင်တန်းအောင် လုပ်ချင်တော့ ကျိုးစားနေရတာပေါ့။"

သမ္မတဦးသိန်းစိန် အစိုးရအဖို့ ဒီမိုကရေစီဘက် ဦးတည်တဲ့ ပြော့ပျောင်းညင်သာမှု တချို့လုပ်ပေးခဲ့တာတွေ၊ မြစ်ဆုံကိစ္စလို ပြည်သူတွေရဲ့ အလိုနဲ့ ဆုံးဖြတ်မှုဟာ အိန္ဒိယအဖို့ အရင် စစ်ခေါင်းဆောင်တွေနဲ့ ဆက်ဆံရေးထက် ပိုမိုသာလွန်ပြီး ဂုဏ်သိက္ခာရှိတဲ့ ဆက်ဆံရေးကို ဖြစ်စေတယ်လို့ အိန္ဒိယသတင်းစာတချို့က သုံးသပ်ရေးတာတွေလည်း ရှိပါတယ်။ သမ္မတရဲ့ အိန္ဒိယ ခရီးစဉ်ကနေ သူလိုလားတဲ့ အနောက်အုပ်စုနဲ့ ပြေလည်အောင် ဆက်ဆံရေးလမ်းကြောင်းအတွက် ခြေလှမ်းသစ်တွေလည်းဖြစ်နိုင်တယ်လို့ ၂ နိုင်ငံဆက်ဆံရေးကိုလေ့လာနေတဲ့နယူးဒေလီက ကိုကျော်သန်းက ပြောပါတယ်။

"မြန်မာ့အိမ်နီးချင်းတိုင်းပြည်တွေမှာအနောက်တိုင်းလိုစံဆိုတာမျိုးက အိန္ဒိယလို နိုင်ငံဘဲရှိတာကိုး၊ နောက် အနောက်တိုင်း နိုင်ငံတွေနဲ့ သံတမန်ရေးအရ ရင်ဘောင်တန်း ပြောနိုင်တာကလည်း အိန္ဒိယပဲဆိုတော့ ဒီအစိုးရအဖို့၊ အိန္ဒိယကိုလာတဲ့ ခရီးစဉ်ဆိုတာ နောင်ဖြစ်ပေါ်လာမဲ့ အနောက်တိုင်းကို ထိုးဖောက်မဲ့ သံတမန်ရေးထိုးစစ်ရဲ့ ပထမဆုံး ခြေလှမ်းလို့ ပြောရမှာပေါ့။"

အိန္ဒိယသမ္မတ ပရာတီဘာ ရဲ့ဖိတ်ကြားချက်နဲ့ မြန်မာသမ္မတရဲ့ ၄ ရက်ကြာ ခရီးစဉ်အတွင်း မကြာမီ နယူးဒေလီကို သွားရောက်မှာ ဖြစ်သလို ဝန်ကြီးချုပ်မန်မိုဟန်ဆင်းအပြင် ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနဲ့ စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးတွေနဲ့ သက်ဆိုင်ရာ မြန်မာခေါင်းဆောင်တွေ တွေ့ဆုံမယ်လို့လည်း သိရပါတယ်။

---

## ဒီကေဘီအေနဲ့ အစိုးရတပ် တိုက်ပွဲ ဖြစ်ပွား

**DVB । အောက်တိုဘာ ၁၁ ။** ။ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် အမျိုးသားတပ်မတော်(ဒီကေဘီအေတပ်ဖွဲ့)က ကရင်ပြည်နယ်အတွင်းက အစိုးရစစ်ကြောင်းတခုကို ချုံခိုတိုက်ခိုက်ခဲ့ပါတယ်။

ကော့ကရိတ် မြောက်ဘက်ခြမ်းက ဝေါ်လေဒေသ နို့ဖိုးကလိုး ရွာတွေအနီးမှာ အစိုးရတပ် ခလရ ၂၀၃၊ ၂၀၄၊ ၃၁၀ က စစ်ကြောင်း ချီလာတာကို မနေ့ နေ့ခင်းက ပြောက်ကျားပစ်ခတ်ခဲ့တယ်လို့ ဒီကေဘီအေပြောခွင့်ရသူ ဗိုလ်မှူးစန်းအောင်က ပြောပါတယ်။

"ကော့ကရိတ် မြောက်ဖက်ခြမ်းမှာ နို့ဖိုးကလိုး ကျေးရွာပေါ့။ ဗမာလိုဆို ဇော်ဟဲဘုန်းကြီးကျောင်းနားမှာ ဖြစ်တယ်။ ပစ်ခတ်မှုက မနက် ၂ နာရီ ၆ မိနစ်ကနေ မွန်းလွဲ ၁နာရီ လောက်ထိ ဖြစ်တယ်။ အသေအပျောက်သတင်းက ပထမမရဘူး။ နောက်တော့ အစိုးရဘက်က လေးယောက်သေပြီး နှစ်ယောက် ဒဏ်ရာရတယ်။"

တာ့အိုးထရွာထဲကို အစိုးရတပ်က ဝင်ရောက်ခဲ့ပြီး ရွာသား ပိုင်ပစ္စည်းတွေကို အဓမ္မယူခဲ့တယ်လို့ ဗိုလ်မှူးစန်းအောင် ပြောပါတယ်။

"မနေ့က တာ့အိုးထမှာ ရန်သူက မနက် ၉ နာရီလောက်မှာ ရောက်သွားတော့ ပစ်ခတ်မှုအနေအထားတော့ မဖြစ်ဘူး။ ရွာထဲမှာကျတော့ ပစ်မိန့်မပေးဘူး။ တချို့ရောက်တဲ့ စစ်ကြောင်းတွေက ရွာထဲက ဘုန်းကြီးကျောင်းမှာ ရွာသားတွေကို ခေါ်စုရုံးပြီးတော့ သူများအိမ်က ပစ္စည်းတွေ တော်တော်လေး ယူတယ်လို့ ရွာသားတွေက ပြောတယ်။"

**စာမျက်နှာ ၁၂ သို့**



# သတင်းတိုထွာဖတ်စရာ

## ဒေါ်လာသန်း ၅၀၀ ချေးငှားမည်

အိန္ဒိယသည် မြန်မာသို့ အခြေခံစီမံကိန်းများအတွက် ဒေါ်လာသန်း ၅၀၀ အထိ ချေးငှားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို ဒေါ်လာသန်း ၃ ဘီလီယံအထိတိုးမြှင့်ရန် နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံရောက်ရှိစဉ် အခုလို နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုး ခဲ့တာဖြစ်ပါတယ်။ (GlobalPost, Oct 14,2011)

## ဆောင်းဘောက်သံဆူညံ

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားဝင်းသံလမ်းဘေး အုတ်တံတိုင်းအနီးရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်သည် ညဥ့်နက်တဲ့အချိန်အထိ ဆောင်းဘောက်ကြီးတွေနဲ့သီချင်းတွေဖွင့်၊ ဗီဒီယိုဇာတ်ကားများဆူညံစွာဖွင့်နေရှိရာ ပတ်ဝန်းကျင်နေ ကျောင်းသူ ကျောင်းသားများ ရပ်ကွက်သားများ စိတ်အနှောင့်အယှက်ဖြစ်နေရတဲ့အတွက်သက်ဆိုင်ရာအာဏာပိုင်များမှ သင့်တော်သလိုစီစဉ်ဆောင်ရွက်နိုင်ရန် တင်ပြလိုက်သည်။ (VOB, Oct 13,2011)

## ဥက္ကဌရာထူးနဲ့ သင့်မသင့် အင်တာဗျူးမည်

ဦးသိန်းစိန်အစိုးရက အကျဉ်းသားတွေ လွှတ်ပေးတာဟာ အပြုသဘောဆောင်တဲ့ တိုးတက်မှုတခုဖြစ်တယ်လို့ အာဆီယံအလှည့်ကျဥက္ကဌ အင်ဒိုနိုင်ငံခြားရေးဝန်ကြီး နာတာလီဂါဝါ က ပြောပါတယ်။ သူဟာ မကြာမီသတင်းပတ်အတွင်း မြန်မာနိုင်ငံကို သွားရောက်ဖို့ရှိပါတယ်။ ဦးသိန်းစိန်ဟာ အာဆီယံဥက္ကဌဖြစ်သင့် မဖြစ်သင့် သွားရောက် အင်တာဗျူးလုပ် စမ်းသပ်ပြောဆိုမှာ ဖြစ်တယ်လို့ဆိုပါတယ်။ (BBC, Oct 12,2011)

## နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ရမည်

ယမန်နေ့ သမတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေးနှင့် ယုံကြည်မှုအတွက် အကျဉ်းချခံနေရသူများ ဘယ်နှစ်ဦး လွှတ်လာသည်ကို အတိအကျသိရန် အချိန်အနည်းငယ်ယူရမည်ဖြစ်ကြောင်းနှင့် မြန်မာအစိုးရသည် ချွင်းချက်မရှိဘဲ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ရမည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးပါရဂူ သောမတ်စ် ကင်တားတားနားမှလည်း တောင်းဆိုထား၏။ (UN Wire, GENEVA, Oct 13,2011)

## မြန်မာအစိုးရကိုစောင့်ကြည့်ရမည်

လောလောဆည်အထိ မြန်မာအစိုးရ၏လုပ်ရပ်များသည် အများအားဖြင့် အပေါ်ယံမိတ်ကပ်လိမ်းမှုများသာဖြစ်ကြောင်း၊ မကြာမီလာမည့် လွတ်ငြိမ်းချမ်းသာခွင့်တွင် လွတ်မြောက်လာသူများတွင် ယုံကြည်ချက်ကြောင့် အဖမ်းခံအကျဉ်းကျခံနေရ သူနိုင်ငံရေးအကျဉ်းသားများ မည်မျှပါသည်ဆိုသည့်အချက်ကိုကောင်းစွာစူးစမ်းသုံးသပ်ရမည်ဟု Walter Lohman (Asian Studies) မှ ဆို၏။ (AFP, Oct 11,2011)

## ယုတ်သိမ်းရန်စောသေး

လွတ်ငြိမ်းချမ်းသာခွင့်အရ မြန်မာတွင် နိုင်ငံရေးအကျဉ်းသား ၂၀၀ ခန့်လွတ်လာခြင်းကြောင့်မြန်မာအပေါ်စီးပွားရေးပိတ်ဆို့မှုများကိုယုတ်သိမ်းရန် ရှေ့ပြေးအဖြစ် အနောက်နိုင်ငံများမှ မြင်နေသော်လည်း မျှော်မှန်းသည်လောက် သိသိသာသာမဟုတ်ကြောင်း Human RightsWatch မှ ဝေဖန်၏။ အဲဒါကြောင့် စောင့်ကြည့်ရမယ်လို့လည်း ပြောပါတယ်။ (HRW, Oct 14,2011)

## နယ်စည်းမခြားအဖွဲ့က ဝေဖန်

ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက် နယ်စည်းမခြား သတင်းထောက်များအသင်း RSF က စွယ်စုံအနုပညာရှင် ကိုဇာဂနာ ပြန်လည်လွတ်မြောက်လာတာကို ကြိုဆိုပေမယ့် မြန်မာအစိုးရရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုကို မပြည့်စုံတဲ့ လွတ်ငြိမ်းချမ်းသာခွင့်လို့ခေါ်ဆို သုံးနှုံးလိုက်ပြီး ကျန်သတင်းသမားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ (RSF, Oct 14,2011)

## အခမဲ့ မထားတော့ပါ

နေပြည်တော် အုပ်ချုပ်ရေးမြို့နယ်ဖြစ်တဲ့ ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိနဲ့ ပုပ္ပသီရိမြို့များအတွင်းရှိ အစိုးရပိုင်အဆောက်အဦးများမှ ဝန်ထမ်းတွေကို အခမဲ့နေထိုင်ခွင့်ပြုထားခဲ့ရာ ဒီလနောက်ပိုင်းကစလို့ အိမ်လခတွေ ကောက်ခံတော့မယ်လို့ ဆိုပါတယ်။ အိမ်လခရယ် ရေဖိုးရယ် မီးဖိုးရယ်ဆိုရင် ရတဲ့လခရဲ့ ၁၀ ရာခိုင်နှုန်းပေးဆောင်ရမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒီမြေကွက်တွေကို ဈေးကြီးပေးဝယ်ယူသူတွေထဲမှာ ရှမ်းတရုတ်နွယ် အတော်များများပါဝင်တယ်လို့ ဝန်ထမ်းတွေက ပြောပါတယ်။ (VOB, Oct 13,2011)

## သပိတ်မှောက်ခွင့် ဥပဒေပြဌာန်း

အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ The Trade Unions Act 1926 ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂ အက်ဥပဒေကို ဖျက်သိမ်းလိုက်ပြီး၊ အလုပ်သမားတွေအဖွဲ့အစည်းဖွဲ့ခွင့်နဲ့ သပိတ်မှောက်ခွင့်ပါတဲ့ ဥပဒေသစ်တရပ်ကို ပြည်ထောင်စုသမတနိုင်ငံတော် သမတဦးသိန်းစိန်လက်မှတ်ရေးထိုးပြီး ဥပဒေကို ထုတ်ပြန်လိုက်ပါတယ်။

အလုပ်သမားတွေရဲ့ အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ဖို့ အလုပ်သမားအချင်းချင်းကြား အလုပ်ရှင်နဲ့ အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေဖို့နဲ့ အလုပ်သမားအဖွဲ့အစည်းတွေကို နှစ်တကျလွတ်လွတ်လပ်လပ်ဖွဲ့စည်းဆောင်ရွက်ဖို့ ပြည်ထောင်စုလွှတ်တော်ကနေ ဒီဥပဒေကို ပြဌာန်းလိုက်တာလို့ဆိုပါတယ်။ (VOB, Oct 14,2011)

## တရားသူကြီးအဖြစ်

ထောင်က လွတ်မြောက်လာပြီး ချက်ခြင်းဆိုသလို ဟာသတွေ ကြားရပါတော့တယ်။ ကွန်ပြူတာနှင့် အင်တာနက်ကို မသိသော ဦးသိန်းစိန်အစိုးရအဖွဲ့တရားသူကြီးမှ မိမိအား အီလက်ထရောနစ်ဥပဒေဖြင့် ပစ်ဒဏ်ချခဲ့မှုစသည့် ဇာဂနာ၏ ထိမိပြောင်မြောက်သော ဟာသများ ပြန်ကြားရ၍ ပြောင်းလဲမှုတခု ဖြစ်ကြောင်း လူထု ဦးစိန်ဝင်းမှဆို၏။ (VOA, Oct 15,2011)

# အတိုက်အခံများနှင့် စစ်ဘက်အရာရှိများ ပူဇော်ကန်တော့ပွဲများ ကျင်းပကြ

**Mizzima ၊ အောက်တိုဘာ ၁၂ ။** ။ မြန်မာ ဗုဒ္ဓဘာသာဝင် အများစု၏ အစဉ်အလာတခုဖြစ်သော သီတင်းကျွတ်လပြည့်နေ့တွင် သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြလေ့ရှိသည့်အလျောက် နိုင်ငံရေးအသိုင်းအဝန်း အမျိုးမျိုးတွင်လည်း ဂါရဝပြုကန်တော့ပွဲများ ကျင်းပကြကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့ နက်နက် ၁၀ နာရီမှ စတင်ကာ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးတွင်နိုင်ငံရေးသက်ကြီး ပူဇော်ပွဲများပြုလုပ်ခဲ့ကြောင်း ပြောခွင့်ရဦးအုန်းကြိုင်က မဇ္ဈိမကိုပြောသည်။

"ဗဟိုအလုပ်အမှုဆောင် အဖွဲ့ထဲက အသက် ၈၀ ကျော်ပုဂ္ဂိုလ်များကို ကန်တော့တာ။ ကန်တော့ပွဲတွေက ဆက်တိုက် ဆက်တိုက်လုပ်တာပါ။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသမီးလုပ်ငန်းအဖွဲ့၊ လူငယ်လုပ်ငန်းအဖွဲ့၊ ပြည်နယ်/တိုင်းအသီးသီးက ခေါင်းဆောင်တွေက ကန်တော့ကြတာပါ" ဟု ပြောသည်။

NLD ခေါင်းဆောင်များထဲမှ ဦးအောင်ရွှေ ( အသက် ၉၅ နှစ်)၊ ဦးလွင် ( အသက် ၈၉ နှစ် )၊ ဦးလွန်းတင်( အသက် ၉၁ နှစ်) နှင့် ဦးညွန့်ဝေ( အသက် ၈၄ နှစ် )တို့မှာ ကျန်းမာရေးအခြေအနေအရ ကန်တော့ခံ မကြွရောက်နိုင်သော်လည်း အခြားခေါင်းဆောင်များဖြစ်ကြသည့် ဦးတင်ဦး ( အသက် ၈၆ နှစ် )၊ ဦးသန်းထွန်း ( အသက် ၈၉ နှစ် )၊ ဦးလှဖေ ( အသက် ၈၅ နှစ် )နှင့် ဦးဝင်းတင် ( အသက် ၈၂ နှစ်)တို့ ကန်တော့ခံခဲ့ကြသည်။

ဤကဲ့သို့ ပါတီဝင်များက ပါတီခေါင်းဆောင်များအားဂါရဝ ပြုကြသည့်နည်းတူ ဗေဒါသင်တန်းကျောင်း၊ အမေ့အိမ် စာသင်ကျောင်းမှာ ကျောင်းသား/သူများကလည်း ဦးတင်ဦး၊ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းတင်တို့အား သီးသန့်စီကန်တော့ကြကာ တနင်္သာရီတိုင်းမှ စေတနာရှင် ဦးစိုးတင့် မိသားစုကလည်း ပါတီခေါင်းဆောင် ၁၂ ဦးအား ကန်တော့ခဲ့သည်။ ထို့အတူ နိုင်ငံရေးအကျဉ်းသားဟောင်းများကလည်း နိုင်ငံရေးခေါင်းဆောင်သုံးဦးအဖြစ် ဦးတင်ဦး၊ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းတင်တို့အား တော်ဝင်နှင်းဆီစားသောက်ဆိုင်တွင် နေ့လည်ပိုင်းကဂါရဝ ပြုခဲ့ကြသေးကြောင်း သိရသည်။

ထိုကဲ့သို့ အတိုက်အခံနိုင်ငံရေးအင်အားစုများကဒင်းတို့ ခေါင်းဆောင်များအား ပူဇော်ကန်တော့ကြသည့်နည်းတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဟောင်းဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဦးစီးချုပ်ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အပါအဝင် လက်ရှိအစိုးရခေါင်းဆောင်များကသွားရောက်ကန်တော့ကြကြောင်းနေပြည်တော်သတင်းရပ်ကွက်မှ သိရသည်။ မဇ္ဈိမအနေဖြင့် သီးခြားအတည်ပြုချက် ရယူနိုင်ခြင်းမရှိပါ။

နံနက် ၁၀ နာရီတွင် စစ်ရုံးချုပ်တွင် ပြုလုပ်သော အဆိုပါကန်တော့ပွဲသို့ ဒုသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်း၊ ဒုသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် နေပြည်တော်စစ်ရုံးကြီး၏ တပ်မိသားစုဝင်များပါဝင်ကြောင်း သတင်းရပ်ကွက်က ပြောသည်။

အငြိမ်းစားယူသွားခဲ့ကြသော ယခင်အာဏာရှင် ဦးသန်းရွှေနှင့် သူ၏လက်ထောက် ဦးမောင်အေးတို့မှာ အများပြည်သူမြင်ကွင်းမှကွယ်ပျောက်နေသည်မှာ ဧပြီလကတည်းက ဖြစ်သည်။ ယခုနှစ်မတ်လ အတွင်းက အငြင်းပွားဖွယ်ရာ ရွေးကောက်ပွဲမှ အနိုင်ရလာသော ယခင်ဝန်ကြီးချုပ်နှင့် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရကို အာဏာလွှဲပေးသွားခဲ့သော စစ်အစိုးရအဖွဲ့၏ ခေါင်းဆောင်နှစ်ဦးအကြောင်းမှာ လျှို့ဝှက်ချက်တခုလိုဖြစ်နေသည်။

မန္တလေးမြို့တော်ဝန်ကကြီးမှူးသောမြန်မာ့ရိုးရာသကြန်ရေပက်မဏ္ဍပ်ဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့ နံပါတ်နှစ်ခေါင်းဆောင်ဖြစ်ခဲ့သူ ဦးမောင်အေးလည်း တက်ရောက်ခဲ့ဖူးသည်။

ကန့်လန့်ကာနောက်ကွယ်တွင် ဝင်သွားပြီဟု အတိုက်အခံများကခန့်မှန်းပြောဆိုခြင်းခံရသလိုစစ်ဘက်ရေးရာများတွင်သာဝင်ရောက်စွက်ဖက်လေ့ရှိသည်ဟု လေ့လာသူများက ညွှန်းဆိုလေ့ရှိသောပရိယာယ်ကြွယ်ဝသော ဦးသန်းရွှေမှာ လက်ရှိ အစိုးရခေါင်းဆောင်များနှင့်ထိတွေ့နေမှုတော့ ရှိနေမြဲဖြစ်သည်ဟု နေပြည်တော်ရှိ သတင်းရပ်ကွက်က မဇ္ဈိမသို့ ပြောသည်။

သမ္မတဦးသိန်းစိန်မှာမူ ဗုဒ္ဓဟူးနေ့တွင် စတင်ကာ အိန္ဒိယနိုင်ငံသို့ လေးရက်ကြာ ချစ်ကြည်ရေးခရီး လည်ပတ်လျက် ရှိသည်။ ယခုသတင်းပေးပို့ချိန်တွင် ဘီဟာပြည်နယ် ဂယာမြို့ရှိ ဗုဒ္ဓဂါယာသို့ရောက်ရှိနေသည်။ ယခုကဲ့သို့ တပ်မတော်ခေါင်းဆောင်ဟောင်းတဦး အား လက်ရှိခေါင်းဆောင်များက သွားရောက်ကန်တော့ခြင်းမျိုး ယခင် က မရှိခဲ့ဖူးကြောင်း ၁၉၆၂ ခုနှစ်က ဗိုလ်ချုပ်ကြီး နေဝင်းဦးဆောင်သော အာဏာသိမ်းစစ်ခေါင်းဆောင်များတွင် ပါဝင်ခဲ့သူ တဦးဖြစ်သည့် ထိုစဉ်က ဗိုလ်မှူးချုပ်အောင်ကြီး၏ ဇနီးဒေါ်မူမူသိန်းက မဇ္ဈိမကို ပြောသည်။

"အရင် တခါမှမရှိဖူးပါဘူး။ အခုမှပဲ ကြားတာပါ။ ဗိုလ်ချုပ်ကြီးနေဝင်းကိုလည်း သွားကန်တော့တာမျိုးတော့ မရှိခဲ့ဖူးပါဘူး။ အဲဒီတုန်းက ထွက်သွားပြီးတဲ့လူတွေက လက်ရှိလူတွေနဲ့ အဆက်အသွယ် လုပ်ဖို့က အင်မတန်ခဲယဉ်းပါတယ်။ အခုကတော့ နည်းနည်းတော့ change ဖြစ်သွားပြီပေါ့။ အရင်ကတော့ အခု တပ်က ထွက်သွားရင် အဲဒီလူကို အခေါ်အပြောသိပ်မရှိကြတော့ဘူး။ အခုကတော့ ထွက်သွားတယ်၊ အခုသွားတွေ့လို့ရတယ်" ဟု ပြောသည်။

အသက် ၉၃ နှစ်အရွယ် ဦးအောင်ကြီးအား ယနေ့နံနက်က ဆွေမျိုးမိတ်သင်္ဂဟများက လာရောက်ဂါရဝပြုကြသော်လည်း တပ်မတော်မှ မည်သည့်အရာရှိတဦးမျှ လာရောက်ခြင်း မရှိသေးကြောင်း ဒေါ်မူမူသိန်းက ပြောသည်။

**စာမျက်နှာ ၁၀ မှ**

အစိုးရတပ်တွေရဲ့ အခုလို ထိုးစစ်အသွင်စစ်ချီမှုဟာ ဝေါလေဒေသကို ထိန်းထားနိုင်တယ်လို့ အထက်ကို အစီရင်ခံချင်လို့ ဖြစ်နိုင်ကြောင်း ဗိုလ်မှူးစန်းအောင်က သုံးသပ်ပါတယ်။

တိုက်ပွဲကြောင့် ရွာသားတွေ ရွာပြင်ကို ခေတ္တ ရှောင်တိမ်းသွားကြတယ်လို့ ဆိုပါတယ်။ အစိုးရသစ်လက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ သမ္မတဦးသိန်းစိန်က ဩဂုတ်လလယ်ပိုင်းမှာ ညွှန်ကြား အကောင်အထည်ဖော်နေပေမယ့် နယ်စပ်တွေမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။

**ပြက္ခဒိန်မှ**

**အောက်တိုဘာ ၁၂ ।** Mizzima ॥ ॥ Mong La အဖွဲ့ သည် စနေနေ့ ဆွေးနွေးပွဲအရ ဌာနေဆက်သွယ်ရေးများ ပြန်လည်ဖွင့်ခွင့်ရမည်ဖြစ်ကြောင်း။

**အောက်တိုဘာ ၁၃ ।** Examiner.com ॥ ॥ အရှင်ဂမ္ဘီရ လွတ်လာသည်ဟုဆိုကြသော်လည်း လက်တွေ့တွင် ထောင်ထဲတွင်သာရှိပြီး လွတ်မလာသေးကြောင်း။

**အောက်တိုဘာ ၁၃ ।** AFP ॥ ॥ လက်တဆုတ်စာ နိုင်ငံရေးအကျဉ်းသားများသာ လွတ်ခဲ့၍ အဲန်အဲလ်ဒီသည် အားမရ၊ ကျန် ၂ ထောင်ခန့်သော နိုင်ငံရေးအကျဉ်းသားများအား လွှတ်ရန်တောင်းဆို၏။

**အောက်တိုဘာ ၁၃ ।** ROME ॥ ॥ ဒါရိုက်တာ Luc Besson စီစဉ်ညွှန်ကြား၍ Michelle Yeoh နှင့် Thewelis တို့ သရုပ်ဆောင်သည့် ဒေါ်အောင်ဆန်းစုကြည် ဘဝသရုပ်ဖော်ရုပ်ရှင် The Lady ကားဖြင့် ရောမရုပ်ရှင်ပွဲတော်ကို စတင်ဖွင့်လှစ်မည်ဟု စီစဉ်သူများမှ ကြေညာ၏

**အောက်တိုဘာ ၁၃ ।** BBC ॥ ॥ နိုင်ငံရေးအကျဉ်းသားဦးရည်သည် နည်းလွန်း၍ အားမရကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**အောက်တိုဘာ ၁၃ ।** Irrawaddy ॥ ॥ ရှမ်းခေါင်းဆောင် Hso Hten (ရှမ်းပြည်နယ်ငြိမ်းချမ်းရေးကောင်စီ) လွတ်လာသော်လည်း ခွန်ထွန်းဦး (ရှမ်းအဲန်အဲလ်ဒီခေါင်းဆောင်) လွတ်မလာ၍ လူထုမှ၊ အထူးသဖြင့် ရှမ်းများ အားမရကြောင်း။

**အောက်တိုဘာ ၁၃ ।** Mizzima ॥ ॥ နိုင်ငံရေးအကျဉ်းသားများ အာလုံး လွတ်လာလျှင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု CRPP မှ ဆို၏။

**အောက်တိုဘာ ၁၃ ।** DVB ॥ ॥ ပြင်သစ် ကုမ္ပဏီ Total သည် မြန်မာ၏ ဒီမိုကရေစီပြောင်းလဲမှုအခြေအနေကို စောင့်ကြပ်ကြည့်နေမည်ဟုဆို၏။

**အောက်တိုဘာ ၁၄ ।** BBC ॥ ॥ စစ်တပ်ကြိုးကိုင်သည့် မြန်မာတွင် လုပ်သားများသည် လွန်ခဲ့သည့် သုံးရက်ခန့်က သမတမှ လက်မှတ်ထိုးခဲ့သည့် ဥပဒေအရ လုပ်သားအဖွဲ့ ဖွဲ့ခွင့် ဆန္ဒပြခွင့်များ ရတော့မည်ဟု အာဏာပိုင်များမှဆို၏။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ ထောင်တကာလှည့်၍ နိုင်ငံရေးအကျဉ်းသားများအား အားပေးမည့် အလုပ် ယနေ့မှစ၍ လုပ်ပြီဟု ဇာဂနာမှ ဆို၏။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ မိုးပြဲရောကာတာ ရေလွှတ်သဖြင့် လှိုင်ကော်ရေလွှမ်း။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ ကလေးစစ်သား မောင်နေထက်လင်း ပြန်လွတ်လာရန် အစ်ကိုဖြစ်သူသည် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (အိုင်အဲလ်အို) သို့ တိုင်တန်း၏။

**အောက်တိုဘာ ၁၄ ।** RFA ॥ ॥ လက်တွေ့မပါ အပြောသက်သက် မဖြစ်စေရန် မြန်မာပြည်သူများသို့ ဘာမှာချင်သနည်းဟူသည့်အမေးကို လွတ်လာစ ဇာဂနာ မှ ဖြေကြားသတိပေး၏။

**အောက်တိုဘာ ၁၄ ।** RFA ॥ ॥ သီတင်းကျွတ်လပြည့်နေ့ တွင် အဲန်အဲလ်ဒီမှ ကန်တော့ပွဲ ကျင်းပခဲ့၏။

**အောက်တိုဘာ ၁၄ ।** RFA ॥ ॥ အိန္ဒိယရောက် သမတဦးသိန်းစိန်အား အိန္ဒိယသည် ဤမျှအလေးမပေးဘဲ သတိချပ်သင့်ကြောင်း မြန်မာအင်အားစုမှ ဆန္ဒပြ၏။

**အောက်တိုဘာ ၁၄ ।** RFA ॥ ॥ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အောက်တိုဘာ ၂၀–၂၂ ဂျပန်သို့သွားလာမည်ဟု ဂျပန်သတင်းများမှဆို၏။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ လွတ်လာသူများထဲတွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းတောင်များ စသည့် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များ ပါမလာ၍ နိုင် ငံရေးလှုပ်ရှားသူများ၊ အဖွဲ့များနှင့် ဦးသိန်းညွန့် စသည့် လွှတ်တော်ကိုယ်စားလှယ်များမှ ဝေဖန်၏။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ လွတ်ခါနီးလူများကိုသာ လွှတ်ခဲ့သဖြင့်၊ နိုင်ငံရေးအကျဉ်းသားများစွာကို မလွှတ်၍ လွတ်ငြိမ်းချမ်းသာခွင့်ဟု သိပ်မဆိုနိုင်ကြောင်း ဦး ပုကျင့်ရှင်းထန် (CRPP) မှ ဆို၏။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ရေးသည် ကနဦးထဲက မိမိတို့ပါတီ၏မူဖြစ်၍ နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်သည်အထိ ဆက်လက်တောင်းဆိုမည်ဟု အင်ဒီအက်ဖ်ပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေမှ ဆို၏။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ အရေးကြီးတာဝန်များကြောင့် ကိုယ်တိုင် မပါဝင်နိုင်သေးသည့် ဇာဂနာ ၏ စီစဉ်မှုဖြင့် မြပုဏ္ဏမာ လက်ဆင့်ကမ်း သီးလေးသီးအဖွဲ့သည် ဒီဇင်ဘာတွင် က ပြရန် စီစဉ်နေ၏။

**အောက်တိုဘာ ၁၄ ।** DVB ॥ ॥ မြန်မာအာဏာပိုင်များသည် ထိုင်းရှိ မြန်မာနယ်ပြောင်းလုပ်သားများအား ကူညီမှုတိုးချဲ့မည်ဟု ဆွေးနွေးပွဲများအပြီးသိရ၏။

**အောက်တိုဘာ ၁၄ ।** Mizzima ॥ ॥ ရဲဘော်သစ် အောင်ငြိမ်းချမ်းအား မြို့သစ်၌ စက်တင်ဘာတွင် ဝါးခြမ်းပြားဖြင့် ရိုက်ခဲ့သူ ဗိုလ်နှစ်ဦးအား အရိုက်ခံရသူ၏ မိဘမှ သမတ ထံတိုင်ကြား၍ ဗိုလ်နှစ်ဦးအား အရေးယူထားကြောင်း။

**အောက်တိုဘာ ၁၄ ।** AI ॥ ॥ နိုင်ငံရေးအကျဉ်းသားအချို့ လွတ်လာသော်လည်း မြန်မာအပေါ် ဆက်လက်ဖိအားပေးသင့်ကြောင်း Amnesty International မှ ဆို၏။

**အောက်တိုဘာ ၁၄ ।** AP ॥ ॥ အကျဉ်းသား ၆၃၅၉ ဦးလွတ်ပေးခဲ့ခြင်းသည် သဘောထားမရိုးကြောင်းနှင့် နိုင်ငံတကာအား အချိုသတ်ခြင်းဖြစ်ကြောင်း AAPP မှဆို၏။ ယခင်စစ်အစိုးရများသည်လည်း ကမ္ဘာမှ တင်းကြပ်စွာတောင်းဆိုမှုကို အချိုသတ်ရန် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ကို သုံးခဲ့၏။

**အောက်တိုဘာ ၁၄ ।** ND- AP ॥ ॥ အိန္ဒိယနှင့်မြန်မာတို့သည် ဆီနှင့်ဓါတ်ငွေ့ရေးရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် နျူးဒေလီတွင် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူခဲ့၏။

**အောက်တိုဘာ ၁၄ ।** VOA ॥ ॥ ထောင်တွင်း လူ့အခွင့်အရေးဖေါက်ပြားမှု တကယ်ရှိလျှင် ဟန့်တားမည်ဟု မြန်မာလူ့အခွင့်အရေးအဖွဲ့ မှဆို၏။

**အောက်တိုဘာ၁၅ ।** VOA ॥ ॥ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်မြောက်လာသူနိုင်ငံရေးအကျဉ်းသားများ သူတို့၏ မိသားစုများနှင့် ထပ်တူ ဝမ်းသာကြောင်း မင်းကိုနိုင်မှ ဆိုကြောင်း ထောင်ဝင်စာတွေ့သူ သူ၏အစ်မ ဒေါ်ကြည်ကြည်ညွန့်ထံမှ သိရ၏။

**အောက်တိုဘာ ၁၅ ।** VOA ॥ ॥ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အဲလ်ဒီပါတီ ရွေးကောက်ပွဲဝင်ရန် တိုင်းရင်းသားညီနောင် ၅ ပါတီမှ ၂ ရက်ဆွေးနွေးပြီး ယနေ့ အချက် ၅ ချက်ဖြင့် တိုက်တွန်း၏။

**အောက်တိုဘာ ၁၅ ।** BBC ॥ ॥ မြစ်ဆုံရေကာတာ တည်ဆောက်မှုလုပ်ငန်းကို ဆိုင်းငံ့ထားသည်ဟု ဆိုသော်လည်း ဒေသခံများ မသေချာ စိုးရိမ်နေသေးကြောင်း ကချင်လူမှုရေးအဖွဲ့ တဖွဲ့ မှဆို၏။

**အောက်တိုဘာ၁၅ ।** VOA ॥ ॥ နိုင်ငံရေးအကျဉ်းသားများလွတ်လာခြင်းကို ကနေဒါနှင့် ဂျပန် နိုင်ငံခြားရေးဝန်ကြီးများမှ ကြိုဆိုစောင့်ကြည့်နေကြောင်းဖြင့် ဆိုကြ၏။

**အောက်တိုဘာ ၁၅ ।** AsiaTimes ॥ ॥ ကမ္ဘာ့နိုင်ငံများသည် မြန်မာအပေါ် ယခုလုပ်ဆောင်မှုများလောက်နှင့် ကုန်သွယ်စီးပွားပိတ်ပင်မှုများကို ယုတ်သိမ်းမည်မဟုတ်သေး၊ အနည်းဆုံး ၂၀၁၅ ရွေးကောက်ပွဲ ရလဒ်အထိ စောင့်ကြည့်ကြဖို့များကြောင်း Marwaan Macan-Markar မှ သတင်းသုံးသပ်၏။

# ဆိုမာလီဝါးပြ အဖမ်းခံရတဲ့ သူလို ဖြစ်နေပါတယ်လို့ ဦးဇာဂနာ ဝေဖန်

**Mizzima ၊ အောက်တိုဘာ ၁၂ ။** ။ မြစ်ကြီးနားအကျဉ်းထောင်မှ လွတ်မြောက်လာပြီး ရန်ကုန်မြို့ နေအိမ်သို့ပြန်လည်ရောက်ရှိလာသော ဟာသ သရုပ်ဆောင် ဇာဂနာကို မဇ္ဈိမသတင်းထောက် ကိုကျော်ခက တယ်လီဖုန်းမှတဆင့် မေးမြန်းထားခြင်း ဖြစ်သည်။

ဒီကနေ့ လွတ်မြောက်မယ်ဆိုတာ ဘယ်လိုသိခဲ့ရပြီး ထွက်လာတော့ရော ဘာတွေလုပ်ခဲ့ရသေးလဲခင်ဗျ။

"ကျနော်တို့ မနက် ငါးနာရီခွဲလောက်မှာ အိပ်နေတာ လာနှိုးပြီးတော့ ဒီနေ့ကျနော့်ကို လွှတ်ပါပြီလို့လာပြောတယ်။ အဲဒါနဲ့ပဲ ထွက်လာတာ၊ အဲဒီအချိန်ကတည်းကထွက်နေတာ၊ ခုထက်ထိထွက်နေတုန်းပဲ"။

ထောင်က မလွတ်ခင်အချိန်မှာ ထောင်က ထွက်လာခဲ့ရင် ဘာတွေလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ထားခဲ့တာ ရှိလားခင်ဗျ။ နိုင်ငံရေး၊ လူမှုရေးနဲ့ အနုပညာကိစ္စတွေကိုရော ဆက်လုပ်ဖို့ရှိသေးလား။

"ခုပြောတဲ့ ကဏ္ဍသုံးခုလုံးကို ကျနော်က လုပ်ဖို့ဆုံးဖြတ်ထားတဲ့အတွက် အဲဒါကို ကျနော်ဆက်လုပ်သွားမှာပါ။ ကျနော်ဝါသနာပါတာကလည်း အဲဒီအလုပ်တွေပဲရှိတော့၊ အဲဒီအလုပ်တွေကိုပဲ ဆက်လုပ်သွားမှာပါ။"

ဦးဇာဂနာ အပါအဝင် နိုင်ငံရေးအကျဉ်းသားအချို့နဲ့ တခြား အကျဉ်းသားတွေကို အစိုးရသစ်က လွှတ်ပေးလိုက်တဲ့အပေါ် ဘာလို့လွှတ်ပေးလိုက်တယ်လို့ ထင်လဲ။

"အဲဒါကတော့ ဘာကြောင့် လွှတ်တယ်ဆိုတာကတော့ ဦးသိန်းစိန်ပဲသိမှာပါ။ လွတ်လာတာကတော့ ကျနော်ဆိုတာ သေချာတယ်။ ဘာကြောင့် ဆိုတာတော့ ကျနော်မသိဘူး။"

အစိုးရသစ်ရဲ့ လှုပ်ရှားနေမှုတွေနဲ့ ပတ်သက်ပြီး ထောင်ထဲမှာ ဘယ်လိုမျိုးသိခဲ့ရလဲ။

"ထောင်ထဲမှာ သတင်းစာတွေ ဂျာနယ်တွေ ဖတ်ရပါတယ်။ အဲဒီကနေသိရပါတယ်။"

အဲဒီလို ဖတ်သိရတယ်ဆိုတော့ အစိုးရသစ်အပေါ်မှာ အားရကျေနပ်မှုရှိလား။

"စောစောပိုင်းကတော့ရှိတယ်ဗျ။ ဒီနေ့လွှတ်တဲ့အပေါ်မှာမူ တည်ပြီးတော့ မရှိတော့ဘူး။ သိပ်ပြီးတော့ အားမရဘူး။ သိတဲ့အတိုင်းပဲလေ။ တို့တိတို့တိနဲ့လုပ်တာ ကျနော်တို့က ဆိုမာလီဓါးပြတွေအဖမ်းခံရတဲ့လူလိုဖြစ်နေတယ်။ ကျနော်တို့ကို ဘာနဲ့ပြန် ရွေးရမလဲ အဲလိုဖြစ်သွားပြီ။"

အခု မြစ်ကြီးနားထောင်က လွတ်လာတာ ကိုဇာဂနာနဲ့ တခြား နိုင်ငံရေးအကျဉ်းသား ဘယ်သူတွေပါသေးလဲ။ နောက်ပြီးတော့ ကျန်ခဲ့တဲ့လူတွေ ရှိလား။

"ကျနော်နဲ့အတူတူ ကိုမျိုးအောင်သန့် ပါလာပါတယ်။ သူကတော့ ၁၄ နှစ်လောက်ရှိပြီ ထောင်ထဲရောက် နေတာလေ။ နောက်ဇင်မင်းထွန်းဆိုတဲ့ ကလေးပါတယ်။ သူကတော့ သံဃာတော်အရေးတော်ပုံမှာအဖမ်းခံရတာ သူကတော့လေးနှစ်လောက်ရှိသွားပြီပေါ့နော်။ ကျန်တာကတော့ အများကြီးပဲ။ ဘုန်းကြီးလေးပါးပါတယ်။ လူထဲကတော့ ဘိုကလေးက သီဟသက်ဇင်၊ ပဲခူးက ဇေယျာအောင်၊ ပုဂံက မျိုးမင်းသန်း၊ တောင်သာက ကြည်စိုးကျန်ခဲ့တယ်။"

ကျန်ခဲ့တဲ့လူတွေအတွက် ဘာပြောချင်လဲ။

"အကောင်းဆုံးကတော့ အကုန်လုံး လွတ်သွားတဲ့ အချိန်ကြရင် အကောင်းဆုံးပဲ။ အဲဒီအချိန်ကြရင် ပြောလို့ဆိုလို့ လုပ်လို့လည်းကောင်းမယ်၊ ကျနော်ကတော့ အဲဒီအချိန်ကိုပဲ စောင့်မယ်၊ အားလုံး လွတ်အောင်လဲ ကျနော်တို့ကြိုးစားမယ်။"

ထောင်ထဲမှာရော၊ ကျန်းမာရေး စောင့်ရှောက်မှု၊ စားဝတ်နေရေးနဲ့ ကျန်မာရေး စောင့်ရှောက်ခွင့်တွေ ကောင်းကောင်းမွန်မွန်ရရဲ့လားခင်ဗျ။ တိုးတက်လာလား။

"အာ အများကြီးကွာတယ်။ အရင်တုန်းကထက် အများကြီး တိုးတက်လာပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့လည်း အိုကေတယ်။ ဆရာဝန်တွေ ဘာတွေလဲရှိတယ်။ အဲဒါကတော့ ပြောစရာမလိုပါဘူး။ ကောင်းတယ်။ ကျနော် ထောင်လေးခါ ကျတဲ့အထဲမှာ ဒီတခေါက်ကျတာ မွှောရုံရောက်သလိုပဲ။"

ဦးဇာဂနာ မွေးထုတ်ပေးလိုက်တဲ့ သီးလေးသီးဇာတ်အဖွဲ့တကွဲတပြားစီဖြစ်သွားတဲ့အပေါ် ဦးဇာဂနာရဲ့ သဘောထားက ဘယ်လိုရှိလဲခင်ဗျ။

"အခုကျနော့်ဘေးမှာကို စိန်သီးနဲ့ ဇီးသီးနဲ့ နှစ်သီးရှိတယ်။ တိုင်းပြည် ပြင်ပမှာ သွားသီးနေနဲ့ အသီးက ပန်းသီးရယ်။ ကြယ်သီးရယ်။ မီးသီးရယ်ဆိုတာရှိတယ်။ အကုန်လုံး အားလုံးပေါင်းပြီး ကနေတာကိုတွေ့ကြရဦးမှာပေ့ါ။ ကျနော်ပြန်ရောက်လာရင် အကုန်ဖြစ်သွားမှာပါ။ အားလုံးကို ကျနော်ဦးဆောင်ပါမယ်။"

## နိုင်ငံရေးအကျဉ်းသား အားလုံး ဒေါ်စုလွှတ်စေလို

**DVB ၊ အောက်တိုဘာ ၁၂ ။** ။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံး လွှတ်စေချင်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

ဒီနေ့မနက် အောက်တိုဘာ ၁၂ မှာကျင်းပတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းများရဲ့ ပထမအကြိမ် ဂါရဝပြုကန်တော့ပွဲ အခမ်းအနား အပြီးမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်တာပါ။

ဒီနေ့ လွတ်လာတဲ့ နိုင်ငံရေး အကျဉ်းသား ၁၀၀ ခန့်ရှိပြီလို့ သိရကြောင်း၊ ဆက်ပြီးလွှတ်မယ်လို့လည်း မျှော်လင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်တွေကို ပြောကြားပါတယ်။

နိုင်ငံရေးအကျဉ်းသားဟောင်းတွေရဲ့ ပထမအကြိမ် ဂါရဝပြုကန်တော့ပွဲ အခမ်းအနားသို့ ရွှေဂုံတိုင် တော်ဝင်နှင်းဆီခြံမှာ ကျင်းပတာဖြစ်ပြီး နိုင်ငံရေးအကျဉ်းသား ဟောင်းတွေ၊ နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေ၊ မြန်မာ့နိုင်ငံရေးကို စိတ်ဝင်စားသူ၊ ထောက်ခံသူတွေ စုစုပေါင်း လူ တထောင်ခန့် တက်ရောက်ပါတယ်။

အခမ်းအနားမှာ နိုင်ငံရေးအကျဉ်းသားဟောင်းတွေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ ပါတီဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်နဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကို ဂါရဝပြုကန်တော့ခဲ့ကြပါတယ်။

ဂါရဝပြု အခမ်းအနား ကျင်းပရတဲ့ အကြောင်းရင်းနှစ်ချက်ရှိတယ်လို့ ၈၈ မျိုးဆက် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုဖြိုးမင်းသိမ်းက ခုလိုပြောပြပါတယ်။

**စာမျက်နှာ ၁၅ သို့**

# လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားများရဲ့ ဘဝ ထူထောင်နိုင်ရေး ကူညီကြရန်

**VOA । အောက်တိုဘာ ၁၂ ။** ။နိုင်ငံရေးအကျဉ်းသားတွေကို အခုလွှတ်ပေးရုံနဲ့မပြီးဘဲ သူတို့ပြန်လွတ်လာပြီးတဲ့နောက်ပိုင်းမှာလည်း သူတို့ဘဝတွေ နေသားကျအောင် ကူညီပံ့ပိုးပေးကြဖို့လိုမယ်လို့ အန်အယ်လ်ဒီ ခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်က ပြောဆိုပါတယ်။ အခုလိုပြောဆိုမှုနဲ့အတူ ပြန်လည်လွတ်မြောက်လာတဲ့နိုင်ငံရေးအကျဉ်းသားအချို့ရဲ့အမြင်၊ သူတို့ရဲ့ခံစားမှုတွေကို ကိုသားညွှန့်ဦးက စုစည်းတင်ပြပေးထားပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွတ်လာတဲ့မနေ့ကပဲ ရန်ကုန်မြို့၊ တော်ဝင်နှင်းဆီစားသောက်ဆိုင်မှာတော့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေကနေပြီးတော့ အန်အယ်လ်ဒီခေါင်းဆောင်သုံးဦးဖြစ်တဲ့ ဦးတင်ဦး၊ ဦးဝင်းတင်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို သီတင်းကျွတ်အခါသမယ စုပေါင်းဂါရဝပြုပွဲလုပ်ခဲ့ပါတယ်။ သူတို့သုံးဦးစလုံးဟာလည်း နိုင်ငံရေးအကျဉ်းသားဟောင်းတွေ ဖြစ်ပါတယ်။ အဲဒီမှာ ဦးဝင်းတင်ကတော့နိုင်ငံရေးအကျဉ်းသားတွေကိုလွတ်လာပြီးတဲ့နောက်မှာလည်း မတည်မငြိမ်ဖြစ်ခဲ့တဲ့ သူတို့ဘဝတွေပြန်လည် နေသားတကျဖြစ်ဖို့ ဝိုင်းဝန်းကူညီဖို့ လိုမယ်လို့ တိုက်တွန်းသွားပါတယ်။

"ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံရေးအကျဉ်းသားတွေအားလုံးဟာသူတို့ရဲ့ဘဝတွေရှိကြတယ်။သူတို့ရဲ့ဘဝတွေဟာရဲဘော်တွေရဲ့နိုင်ငံရေးဘဝတွေဟာ ပြန်လည်ထူထောင်ဖို့၊ တည်ဆောက်ဖို့ကိစ္စတွေမှာတို့အား လုံးက ဝိုင်းဝန်းပြီးတော့ကာ သူတို့ကိုရှင်းပြဖို့လိုမယ်။ သူတို့ကိုအခြေအနေအကုန်လုံးကိုပြန်ပြီးသုံးသပ်နိုင်အောင်ဖန်တီးပေးဖို့လိုမယ်၊အဲဒီလို သူတို့ရဲ့ဘဝပြန်လည်ထူထောင်ရေးဟာအလွန်အရေးကြီးပါတယ်"

မနေ့ကပြန်လွတ်လာတဲ့နိုင်ငံရေးအကျဉ်းသားအတော်များများကတော့ သူတို့လွတ်လာတဲ့အခြေအနေကို ဝမ်းသာမှုဖြစ်ရမှာထက် သူတို့နဲ့အတူ အဖမ်းဆီးခံခဲ့ရသူတွေ၊ ကျန် နိုင်ငံရေးအကျဉ်းသားတွေ ပြန်မလွတ်လာတဲ့အပေါ်မှာ စိတ်မကောင်းဖြစ်ခဲ့ကြပါတယ်။ချွန်းထောင်ကနေ ပြန်လွတ်တဲ့ အန်အယ်လ်ဒီအဖွဲ့ဝင် မစုစုနွေးက အစိုးရအနေနဲ့အပြုသဘောဆောင်မယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့လိုမယ်လို့ ပြောပါတယ်။

"သမီးတို့နိုင်ငံကို တကယ်အပြုသဘောနဲ့ ဆောင်မယ်ဆိုရင်တော့ပေါ့နော်။ နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးလွှတ်ပေးသင့်ပါတယ်။ ထောင်ထဲမှာက သတင်းစာတွေ၊ ဂျာနယ်တွေကိုပဲဖတ်ပြီးတော့ သတင်းစာတွေ၊ ဂျာနယ်တွေ ရေးထားတဲ့အပေါ်မှာ ဆုံးဖြတ်ခဲ့ရတာ။ အဲဒီတော့ အပြင်မှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့ သူတို့ ဘယ်လိုမျိုးဆောင်ရွက်ထားသလဲဆိုတာ မျက်စေ့နဲ့ကြည့်ချင်ပါသေးတယ်"

မော်လမြိုင်ထောင်က ပြန်လွတ်လာသူ ကိုမိုးထက်လျှံက နိုင်ငံရေးအကျဉ်းသားတွေကို ရှေ့ဆက် နိုင်ငံရေးအခင်းအကျင်းမှာ ပါဝင်ပတ်သက်ခွင့်ပေးဖို့ လိုအပ်မယ်လို့ သူ့ရဲ့အမြင်ကို ပြောပါတယ်။

"အစိုးရက နိုင်ငံရေးအကျဉ်းသားတွေကို ဓားစာခံလိုပဲ အသုံးချနေတယ်လို့ ခံစားရတယ်။ အတိုက်အခံတွေဘက်မှာလည်း စာခြောက်ရုပ်အစာလုန့်ဖို့၊ ဒါမှမဟုတ် နောက် ဥပမာတခုပြောရမယ်ဆိုရင် ထိုးစစ်ဆင်ဖို့ နောက်ကနေ စစ်အကူပစ်ပေးနေရတဲ့ သေနတ်ကြီးတွေလိုသဘောမထားကြပါနဲ့လို့။ ကျနော်တို့က လူတွေကိုချစ်တယ်။ ကျနော်တို့ကို စောင့်မျှော်နေတဲ့ မိသားစုတွေရှိတယ်။ အဲဒီတော့ ရှေ့ဆက်မယ့် မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာလည်း ပါဝင်နိုင်ဖို့ အရေးကြီးပါတယ်။ ကျနော်တို့တွေက ယုံကြည်ချက်ကြောင့် အကျဉ်းကျရတာပေါ့နော်။ ယုံကြည်တာဟာ ထောင်ထဲက အကျဉ်းသားတွေကို မေးကြည့်မယ်ဆိုလို့ရှိရင် ဒီမိုကရေစီအစိုးရဖြစ်ဖို့ရယ်၊ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပေါ်ကိုရောက်ဖို့ရယ်၊ ဆိုတော့- အခု ကျနော်တို့ယုံကြည်အပ်နှံထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကိုသွားတယ်၊ သူ့ရဲ့မဟာဗျူဟာကို ကျနော်တို့ကပံ့ပိုးပေးနိုင်မယ့်နည်းဗျူဟာတွေ များများလုပ်ချင်တယ်ပေါ့နော်။ ဒီလိုအချိန်မှာ အတိုက်အခံတွေ အနေနဲ့လည်း ကိုယ့်ခေါင်းဆောင်ရဲ့မဟာဗျူဟာကို အလေးအနက် စဉ်းစားစေချင်တယ်ပေါ့နော်"

လွတ်ရက်နီးပြီး ပြန်လွတ်လာတဲ့ ကျောင်းသူ မနှင်းပွင့်ဝေကတော့ သူနဲ့လုပ်ဖော်ကိုင်ဘက်တွေ လွတ်တဲ့အထဲ ပါမလာတဲ့အပေါ် စိတ်မကောင်းဖြစ်နေပါတယ်။ လွတ်တဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသားအင်မတန်နည်းတယ်လို့ သူက ယူဆပါတယ်။

"သိပ်တော့ အဝမ်းသာကြီးတော့ မရှိဘူးပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်လူတွေလည်း အကုန်မပါဘူး။ ကိုယ်ကလည်း လွတ်ရက်ကလည်း စေ့ကာနီး ပြန်လွတ်တဲ့ပုံစံမျိုးပေါ့။ တခြားလွတ်တဲ့သူတွေအတွက်တော့ ဝမ်းသာပါတယ်။ အခု လွတ်တာကလည်းတကယ်တန်းပြောရလို့ရှိရင် ရှိတဲ့လူနဲ့စာရင် ရာခိုင်နှုန်းက တော်တော်နည်းပါတယ်။ အဲဒီအတွက် စိတ်မကောင်းဖြစ်တာပေါ့နော်။ ကျမတို့ ထောင်မှာဆိုလို့ရှိရင် ကိုကျော်ဘိုဘိုတို့၊ မဟန်နီဦးတို့၊ ကိုဒီငြိမ်းလင်းတို့၊ ကိုစည်သူမောင်တို့ အခုထိမလွတ်သေးဘူး။ အဲဒီအတွက်လည်းစိတ်မကောင်းဖြစ်ပါတယ်။ လုပ်စရာတွေကတော့ အများကြီးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့အချင်းချင်း ပြန်စုစည်းပြီးတော့ ရှေ့ဆက်သွားရမယ့် လမ်းတွေက အများကြီးပဲ"

တကယ်တော့ အခု လွတ်လာသူအများစုဟာ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ တောင်းဆိုလှုပ်ရှားရင်း အဖမ်းခံခဲ့ရသူတွေလည်းဖြစ်ပါတယ်။ ဒါကြောင့် သူတို့လွတ်လာတဲ့အပေါ်ဝမ်းသာရမှာထက် ကျန်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်မလွတ်သေးတဲ့ အ ပေါ်မှာအားမလိုအားမရဖြစ်နေတာကိုတွေ့ရပါတယ်။ နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လွတ်လာမှပဲ သူတို့လိုလားရာ သူတို့လုပ်ချင်တာတွေကို လုပ်သွားနိုင်မယ်လို့ယူဆပြောဆိုမှုတွေ တွေ့ရမှာဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၄ မှ**

"တချက်က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေး လှုပ်ရှားမှုတွေ မှာ နိုင်ငံရေးအကျဉ်းသားတွေဆိုတာ ရှိနေတယ် ဆိုတာကို ပြသလိုက်တာပါ။ အကျဉ်းထောင်ထဲတွေမှာ နိုင်ငံရေးအကျဉ်းသားတွေရှိ နေတယ်။ အပြင်မှာလည်း နိုင်ငံရေးအကျဉ်းသားဟောင်းတွေ ရှိခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှုပ်ရှားမှုဟာ နိုင်ငံရေးအကျဉ်းသားတွေရှိနေတယ်ဆိုတာကို ပြသတဲ့ပွဲဖြစ်တယ်။

"နှစ်ကတော့ လက်ရှိမြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အဓိက ခေါင်းဆောင်နေတဲ့ နိုင်ငံရေးခေါင်းဆောင် သုံးယောက်ကို ထောက်ခံတယ်၊ ယုံကြည်တယ်၊ ဒီလူတွေအပေါ်မှာ ဝန်းရံပြီး ဆက်လက်ပြီး သူတို့ရဲ့ဦးဆောင်မှုအောက်မှာ ဆက်လက်ရှိနေမယ်ဆိုတာကို ပြသတဲ့အနေနဲ့ ဒီကန်တော့ပွဲလေးကို ပြုလုပ်တာဖြစ်ပါတယ်။"

# စွယ်စုံအနုပညာရှင် ကိုသူရခေါ် ကိုဇာဂနာ ပြန်လည်လွတ်မြောက်လာပြီ

**RFA ၊ အောက်တိုဘာ ၁၂။** ။ ၂၀၀၇ ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုအပြီး မြစ်ကြီးနားထောင်မှာ ထောင်ဒဏ် ၃၅ နှစ် ချခံခဲ့ရတဲ့ နိုင်ငံကျော် လူရွှင်တော် ဇာဂနာဟာ ၃ နှစ်နဲ့ ၅ လ အကြာမှာ လွတ်လာခဲ့ပါပြီ။ ကိုဇာဂနာ ကျန်းမာရေး အတော်ကောင်းမွန်နေသလို ပြင်ပမှာ ရှိနေစဉ် အတိုင်း အာအက်ဖ်အေရဲ့ မေးခွန်းတွေကို တက်ကြွတဲ့အသံနဲ့ ဟာသ နှောပြီး ဖြေခဲ့ပါတယ်။

ပထမဆုံး ထောင်ကထွက်ရတဲ့ ခံစားမှုကို သူက အခုလို ပြောပါတယ်။

"သမ္မတကြီးရဲ့ မေတ္တာစေတနာနဲ့ တနှစ် လျော့သွားတော့ ၃၄ နှစ်ပေါ့။ အခု ၃ နှစ် ၅ လ နေရတော့ Ten Percent ပေါ့၊ ဘဏ်က အခု အတိုးနှုန်း ပြောင်းသွားတယ်မို့လား ten percent ။ အဲဒီထဲ ကျနော် ပါသွားတာပေါ့။ တကယ်ဆို ထောင်ကလွတ်တာ ပျော်စရာပေါ့။ ဒါပေ မယ့် ကျနော် မပျော်နိုင်ဘူး၊ သူငယ်ချင်းတွေ အများကြီး ထောင်ထဲမှာ ကျန်ရစ်ကြတယ်။ ဘာလို့ အစိုးရတွန့်တိုတာလည်း နားမလည်ဘူးဖြစ် ရတယ်။ လွတ်မယ့်သာ လွတ်လာတယ် လွတ်ရကျိုးမနပ်ဘူးပေါ့"

ကိုဇာဂနာ နဲ့အတူ မြစ်ကြီးနားထောင်မှာ ၁၄ နှစ်နီးပါးနေခဲ့ရတဲ့ ဦးမျိုးအောင်သန့်နဲ့ ၂၀၀၇ သံဃာ့လှုပ်ရှားမှုမှာ ဖမ်းခံရတဲ့ သာကေတ မြို့နယ်က ကိုယဉ်မင်းထွန်းဆိုသူ ကျောင်းသားတို့ ၃ ဦးသာ လွတ်ပြီးသံ ဃာတော်တွေ အပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၅ ယောက်လောက် ကျန်ခဲ့တယ်လို့ သိရပါတယ်။

"ဘုန်းကြီး ၄ ပါး ကျန်ခဲ့တယ်၊ ဆရာတော် ဦးဉာဏရယ် မန္တလေး က ဆရာတော်ချည်းပဲ ၄ ပါး၊ ဆရာတော် ဦးဝေဒသူရယ်၊ ဦးဓမ္မသာမိ ရယ်၊ နောက်ဆရာတော် ဦးကဏ္ဍာသာရရယ်။ နိုင်ငံရေးသမားတွေ ကတော့ သီဟသက်တင်၊ ဇေယျာအောင်၊ မျိုးမင်းသန်း၊ ကိုကြည်တိုး၊ နိုင်ငံတော်အစိုးရ လက်မခံတဲ့ နိုင်ငံရေးအကျဉ်းသားတွေပေါ့၊ သူတို့ ကျန်ခဲ့တယ်"

နိုင်ငံရေး လှုပ်ရှားမှုကြောင့် ထောင် စုစုပေါင်း ၄ ကြိမ် ကျခဲ့ဖူးတဲ့ ကိုဇာဂနာဟာ အရင်ကာလတွေက ထောင်မှာ နေခဲ့တာထက် ဒီတခါ မြစ်ကြီးနားထောင်တွင်း အခြေအနေတွေ ကောင်းမွန်လာတယ်လို့ပြော ပါတယ်။ သူကိုယ်တိုင်ခံစားနေရတဲ့ သွေးတိုးရောဂါလည်း မြစ်ကြီး နားက ဆရာဝန်ရဲ့ စောင့်ရှောက်မှုကြောင့် ကောင်းလာတဲ့အကြောင်း ပြောပါတယ်။

ကိုဇာဂနာ မလွတ်မြောက်ခင် အချိန်ထိ တနှစ်နဲ့ ၅ လလောက် ထောင်ဝင်စာ ပိတ်ခံရတာနဲ့ပတ်သက်လို့လည်း သူက အကျဉ်းသား အခွင့်အရေးချိုးဖောက်ခံရတာမို့ အတော်လေး ခံပြင်းခဲ့ရတယ်လို့ ပြော ပါတယ်။

"ဒါဟာ ဆိုးရွားတဲ့လုပ်ရပ်ပါ၊ အကျဉ်းသားတယောက်ဟာအ ကျဉ်းထောင် ဥပဒေ ချိုးဖောက်ရင်လုပ်ပေါ့၊ ကျနော့်မှာ ဘာမှမချိုး ဖောက်ဘူး။ ခယ်မက ထောင်ဝင်စာလာတွေ့တယ်။ ထောင်ဝန်ထမ်း တွေနဲ့ အဆင်မပြေဖြစ်တယ်။ သူတို့ချင်းဖြစ်တာ ကျနော့်ကို အရေးယူ တယ်ဆိုပြီး ကျနော့်ကို ထောင်ဝင်စာပိတ်တာ။ နောက်နောင် ဒါမျိုးမ ဖြစ်အောင် ထောင်ပိုင်ကို တရားဝင်ပြောခဲ့ပါတယ်"

ကိုဇာဂနာရဲ့မိခင်နဲ့ ဖခင် ၂ ဦးလုံးဟာ ထင်ရှားတဲ့ စာရေး ဆရာကြီးတွေ ဖြစ်သလို လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၀ ခုနှစ်ကပဲ ရှေ့ ဆင့် နောက်ဆင့် ကွယ်လွန်ခဲ့ကြတာပါ။ မိဘ ၂ပါးထံက အနုပညာအမွေ ဆက်ခံနိုင်ခဲ့ပြီး တက္ကသိုလ်ကျောင်းသားဘဝကတည်းက အငြိမ့် လူ ပြက်အဖြစ် နာမည်ရခဲ့ပြီး မဆလခေတ် တလျှောက်လုံး တပါတီ အာ ဏာရှင်စနစ်ရဲ့ အုပ်ချုပ်ရေးစနစ်ရဲ့ အမြီးအမောက်မတည့်တာတွေကို သိမ်မွေ့တဲ့ နိုင်ငံရေး သရော်ချက်တွေ၊ ပျက်လုံးတွေ ထုတ်ခဲ့လို့ မြန်မာ ပြည်သူတွေရဲ့ အသည်းစွဲ ဖြစ်ခဲ့ပါတယ်။

အခုရော ထောင်ထဲမှာ ပြက်လုံးတွေ ဖန်တီးဖြစ်သလား၊ မကြာ သေးခင်က ၂ ပိုင်းကွဲပြီး ပြည်တော်ပြန်သွားတဲ့ သီးလေးသီးအဖွဲ့ကို ဘယ်လို သဘောထားရှိလဲလို့ တဆက်တည်းမေးကြည့်ပါတယ်။

"ပြက်လုံးတော့ မပြောဘူးဗျို့။ သီးလေးသီးတွေ ခိုးချသွားမှာ ကြောက်လို့။ ကျနော် အခုပြန်ထွက်လာပြီဆိုတော့ ပြောစရာ ၂ခုပဲ ရှိတယ်။ သီးလေးသီးကမယ့်ဟာ သဘောမတူနိုင်ဘူး။ ဘာလို့လဲဆို သီးလေးသီးဆေးရောင်စုံဆိုတာကျနော့်နာမည်ဖြစ်တာမို့ သီး ၂ သီးထဲ ပွဲကတာ လက်မခံနိုင်ဘူး၊ အသီး ၄ သီး စုံမှသာ လက်ခံနိုင်မယ်။နောက် တချက်က မြပုဏ္ဏမာရင်သွေးဆိုပြီး အသုံးပြုခွင့်မရှိဘူး၊ မြပုဏ္ဏမာ ဆိုတာ ဇာဂနာ၊ အရိုင်း၊ ကင်းကောင်၊ ငှက်ပျော်ကြော်၊ ညောင်ညောင်၊ ဂေါ်ဇီလာရယ် မင်းသမီးဝင့်သီဂီ စုံမှသာ ကခွင့်ပြု မယ်"

"အစိုးရအသစ် ဆီးကြိုတဲ့ လူတွေရဲ့သဘောနဲ့ သော်လည်း ကောင်း၊ ဂေါ်ဇီလာသဘောနဲ့ သော်လည်းကောင်း အဲဒီနာမည်နဲ့ ခွင့်မ ပြုနိုင်ဘူး။ အခု လေယာဉ်ပျံကွင်းဆင်းနေပြီ၊ လေယာဉ်ပေါ်က ဆင်း တာနဲ့ တပြိုင်နက် အဲဒီပွဲကို အဓိက သွားတားမယ်"

ကိုဇာဂနာဟာ လောလောဆယ် ဘာဆက်လုပ်မယ်ဆိုတာ ယတိပြတ်မပြောနိုင်သေးပေမယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ရန်ကုန် ရောက်တာနဲ့တွေ့ဖို့ရှိတဲ့အကြောင်း၊ အဲဒီအခါ သူ ဘာလုပ်ရမယ်ဆိုတာ အဖြေပေါ် လာမယ်လို့လည်း ပြောပါတယ်။

ဒီကနေ့ ကိုဇာဂနာအပေါ် ချစ်ခင်လေးစားတဲ့ ပြည်သူတွေ နိုင်ငံ ရေးသမားတွေကို ဘာပြောချင်လဲလို့ မေးကြည့်ပါတယ်။

"တိုင်းပြည်မှာရှိတဲ့ နိုင်ငံရေးနဲ့ ပတ်သက်သူတွေအားလုံးကို တခုတော့ပြောချင်တယ်ဗျာ။ အဲဒါကတော့ 'နေတိုး' တွေမလုပ်ကြပါနဲ့၊ 'ပြေတီဦး' တွေလုပ်ကြပါလို့၊ အဲဒါ ပြောချင်တယ်။ 'နေတိုး' ဆိုတာ NATO 'No Action- Talk Only' စကားတွေချည်းပဲ ပြောပြီး ဘာအလုပ်မှ မလုပ်တဲ့ဟာတွေ မလုပ်ကြပါနဲ့။ 'ပြေတည်ဦး' တွေလုပ်ကြပါ။ တိုင်း ပြည်တည်ထောင်ဖို့အတွက်ကိုကျနော်တို့ ဦးခေါင်းထဲထည့်ပြီး ဦးတိုက် လုပ်ကြပါ၊ အဲဒါ ပြောချင်ပါတယ်"

---

**အမှန်တရားသည်**
**အောင်မြင်ရာ၏**

# တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

## အပိုင်း ၃

ခင်မမမျိုး

ယခင် အပတ်အဆက်

ပြောင်းလဲမှုသို့ ဦးတည်သော ရွေ့လျားမှုများ

ပြောင်းလဲမှုတွေကို စတင်ဖို့ရွေ့လျားမှုတွေရှိဖို့ လိုအပ်ပါတယ်။ ရွေ့လျားမှုတွေရှိမှသာ ပြောင်းလဲမှုကိုဦးတည်တဲ့ အရှိန်အဟုန်ကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ဒီလို ရွေ့လျားမှု တွေဆိုတာမှာလဲ သဏ္ဍာန်မျိုးစုံရှိပါတယ်။ဥပမာဆိုရင်အားကစားနည်းမျိုးစုံရဲ့သဏ္ဍာန်ကွဲပြားသလိုပါပဲ။ ဘောလုံးက စားတဲ့အခါ ဘောလုံးတလုံးကို လူပေါင်းများစွာက လုယူကစားရပါတယ်။ ဘတ်စ်ကက်ဘော ကစားတဲ့အခါလဲ ဒီလိုပါပဲ။ ဒါပေမယ့် ဂေါက်သီးကစားတဲ့အခါမှာကျတော့ ဘောလုံးတလုံးထဲကိုလုပြီးကစားတာ မဟုတ်ပါဘူး။ ကိုယ့်ဘောလုံးနဲ့ကိုယ် ကိုယ့်အရွေ့နဲ့ကိုယ် ဖြစ်ပါတယ်။

အခြားကစားနည်းတွေမှာလဲ ဒီလိုပါပဲ။ သူ့နည်းသူ့ဟန်နဲ့သူရှိပါတယ်။ လက်ဝှေ့ပွဲဆိုရင် သူနိုင်၊ ကိုယ်နိုင် အပြိုင်အဆိုင်အလဲထိုးကြရပါတယ်။ သေနတ်ပစ်ပြိုင်ပွဲဆိုပြန်ရင်တော့ ပစ်မှတ်ကိုထိအောင် ဘယ်သူက ပစ်နိုင်မလဲဆိုတာကို ပြိုင်ကြရပါတယ်။ စကားစစ်ထိုးပွဲဆိုရင် စကားနဲ့ အနိုင်ယူကြရပါတယ်။ အားလုံးဟာ ကိုယ့်အရွေ့နဲ့ကိုယ်ဖြစ်ပါတယ်။ ဂေါက်သီးရိုက်ပွဲကို ဘောလုံးပွဲလို ဖြစ်စေချင်လို့မရပါဘူး။စကားစစ်ထိုးပွဲကလူတွေကို လက်ဝှေ့ပွဲကြိုးဝိုင်းထဲထည့်ပြီး လက်အိတ် အတင်းစွပ်၊ ထိုးကြိတ်ခိုင်းလို့မရပါဘူး။ ကစားနည်း ကစားဟန်တွေ မတူညီနိုင်ပါဘူး။ နိုင်ငံရေးမှာလဲ ဒီလိုပါပဲ။ ဥပဒေတွင်း နိုင်ငံရေး၊ ဥပဒေပနိုင်ငံရေး၊ မြေပေါ်နိုင်ငံရေး၊ မြေအောက်နိုင်ငံရေး၊ လက်နက်ကိုင်တော်လှန်ရေး၊ စားပွဲဝိုင်းနိုင်ငံရေး၊ သံတမန်နိုင်ငံရေး၊ လမ်းမပေါ်က နိုင်ငံရေး စတာတွေ အားလုံးမှာ လုပ်နည်းလုပ်ဟန်တွေ မတူညီနိုင်ပါဘူး။

တောင်အာဖရိကနိုင်ငံရေးခေါင်းဆောင်တွေ၊ ပညာရှင်တွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေဟာ ဒီလိုကွဲပြားခြားနားတဲ့ လုပ်နည်းလုပ်ဟန်တွေ၊ ဥပဒေသတွေကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့ကြပါတယ်။ မြေအောက်နိုင်ငံရေး၊ လက်နက်ကိုင်တော်လှန်ရေတွေ အရှိန်မြှင့်ဖို့ လိုအပ်နေချိန်မှာလဲ တာဝန်ကျေပြွန်အောင်ထမ်းဆောင်ခဲ့ကြသလို၊ နိုင်ငံရေးအရ ပြောင်းလဲမှုတွေကို ထောက်ကူပေးနိုင်မယ့် ပြင်ဆင်တည်ဆောက်မှုတွေကိုလဲ ကြိုးပမ်းဖော်ဆောင်ထားခဲ့ကြပါတယ်။

မင်ဒဲလားကို လူဖြူအစိုးရက ထောင်သွင်းအကျဉ်းချထားချိန်မှာ အခြားခေါင်းဆောင်တွေကလူထုလှုပ်ရှားမှုလုပ်ငန်းဆောင်တာများကို လက်တွေ့ကျကျ ပြင်ဆင်ထားခဲ့ကြပါတယ်။ မင်ဒဲလားလွတ်မြောက်လာချိန်မှာ နိုင်ငံနဲ့အဝှမ်းမှာ လူနှစ်သန်းကျော်အင်အားရှိတဲ့ အဖွဲ့အစည်း ခုနစ်ထောင်ကျော်ရှိနေပါတယ်။ စနစ်တကျဖွဲ့ စည်းထားတဲ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေလဲရှိသလို၊ ပြည်ပမှာလဲ ထောင်နဲ့ချီတဲ့ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ ဥပဒေဆိုင်ရာ ပညာရှင်တွေ ရှိနေခဲ့ပါပြီ။

ဒါတွေကိုမင်ဒဲလားကပြုလုပ်ထားခဲ့တာမဟုတ်ပါ၊လွတ်မြောက်နေတဲ့ခေါင်းဆောင်များနဲ့ လှုပ်ရှားတက်ကြွသူများကအမြော်အမြင်ရှိရှိနဲ့ လုပ်ဆောင်ထားခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုအမြော် အမြင်ရှိမှုအသိဉာဏ်ပညာကြီးမားမှုနဲ့ လက်တွေ့ကျကျဆောင်ရွက်တတ်မှုတွေဟာ တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ် အောင်မြင်ဖို့ အတွက်လိုအပ်တဲ့ Leverage ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ ဒီလိုတည်ဆောက်ပြင်ဆင်ထားမှုတွေကို အခြားသူတွေက ပြုလုပ်ခဲ့ကြခြင်းမရှိပဲ၊ မင်ဒဲလားလွတ်မြောက်လာမှသာ အစစ၊ အရာရာ ပြန်လည်ဆောင်ရွက်နေရမယ်ဆိုရင် စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကြီး အောင်မြင်ဖို့ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့မှာ အသေအချာပါပဲ။

လွတ်မြောက်လာချိန်မှာ ဒီလို ခိုင်မာတောင့်တင်းတဲ့ လူထုလှုပ်ရှားမှုအင်အား၊နိုင်ငံတကာထောက်ခံအားပေးမှုနဲ့ကဏ္ဍအလိုက်ကျွမ်းကျင်သူအုပ်စုတွေ အဆင်သင့်ရှိနေတဲ့အတွက် မင်ဒဲလားဟာ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို ဦးဆောင်ပြီး၊ ထိရောက်တဲ့ ရွေ့လျားမှုတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။ လ အနည်းငယ်အတွင်းမှာတင် Groote Schuur Minute ကို မင်ဒဲလားဦးဆောင်တဲ့ အေအင်စီနဲ့ အစိုးရတို့အကြား သဘောတူညီ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ Groote Schuur Minute အရ ဖြစ်ပွားနေတဲ့ နိုင်ငံရေးအကြမ်းဖက်မှုများ အဆုံးသတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုနှစ်ဘက်စလုံးမှ အလေးအနက်ထား၍ ဖော်ဆောင်ရန်၊စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို အနှောင့်အယှက်ဖြစ်စေမည့် အတားအဆီးများကို နှစ်ဘက်စလုံးမှ ရှင်းလင်းဖယ်ရှားရန်၊ ယင်းသို့ရှင်းလင်း ဖယ်ရှားပြီးပါက နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် ဆက်စပ်ရေး လမ်းကြောင်းများ ဖွင့်လှစ်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားရန်နဲ့ အစိုးရဘက်မှ အရေးပေါ်အခြေအနေ ကြေငြာထားမှုများအား ရုတ်သိမ်းပေးရန် စတဲ့အချက်တွေကို သဘောတူညီခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး အလုပ်အဖွဲ့ (working group) တခုကို ထပ်မံဖွဲ့စည်းခဲ့ပါတယ်။

ဒီအလုပ်အဖွဲ့ကနေ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနဲ့ နိုင်ငံရေးအရ ပြည်ပမှာ နေထိုင်နေရသူများ ပြည်တော်ပြန်ရေးကိစ္စရပ်များနဲ့သက်ဆိုင်သော conditions များကို အသေးစိတ်ဖော်ပြထားတဲ့ အစီရင်ခံစာကို ရေးဆွဲခဲ့ပါတယ်။ ဒီအစီရင်ခံစာကို ဒုတိယအကြိမ်သဘောတူညီချက်ဖြစ်တဲ့ Pretoria Minute မှာ နှစ်ဘက်စလုံးက အတည်ပြုခဲ့ကြပါတယ်။ ဒါတွင်မကပဲ တောင်အာဖရိကလူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ အခြားနိုင်ငံရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုအကြားမှာ"နိုင်ငံတွင်းဖြစ်ပွားနေတဲ့ ပြဿနာတွေဟာစေ့စပ် ဆွေးနွေးခြင်းနည်းလမ်း

စာမျက်နှာ ၁၈ သို့

# ကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသားမိတ်ဆွေတွေကို ကိုဇာဂနာ အားပေး

**DVB ၊ အောက်တိုဘာ ၁၄ ။** ။ အကျဉ်းထောင်အသီးသီးမှာကျန်နေသေးတဲ့ နိုင်ငံရေးအကျဉ်းသား မိတ်ဆွေတွေကို လိုက်လံအားပေးတဲ့ အလုပ်ကို ဒီနေ့ပဲ စလုပ်နေပြီလို့ ကိုဇာဂနာက ပြောပါတယ်။

ပြီးခဲ့တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ မြစ်ကြီးနားထောင်က ပြန်လွတ်လာတဲ့ နိုင်ငံကျော်ဟာသသရုပ်ဆောင် ကိုဇာဂနာက ထောင်က လွတ်ပြီးတဲ့နောက် အခုလို ထောင်အသီးသီးကိုလှည့်ပြီး အားပေးတာတွေလုပ်မယ့်အကြောင်းနဲ့ အခု ပစ္စည်းတွေလာရောက် လှူဒါန်းထားတာ တွေ ရှိနေပြီလို့ ပြောပါတယ်။

"ကျနော်ကိုယ်တိုင် လှူမယ့်ပစ္စည်းတွေယူပြီး လားရှိုး၊ တောင်ကြီး စသည်ဖြင့် သွားပါမယ်။ ထောင်ဝင်စာကတော့ တွေ့လို့မရပေမယ့် ပါဆယ်ပေးလို့ရပါတယ်။ သူတို့ကို အားပေးတဲ့သဘောပါ။ သူတို့နောက်မှာ အမြဲရှိတယ်ဆိုတာ သိစေချင်လို့ အားပေးတဲ့သဘောပါ။ သူတို့စိတ်အားငယ်သွားမှာစိုးတာလည်းပါတယ်။"

သူစည်းရုံးဦးဆောင်လုပ်မယ့် ဒီအလုပ်မှာ အနုပညာရှင်တချို့ ပါဝင်တယ်လို့ ပြောပါတယ်။

"အခုလည်း ကျနော့်အနားမှာ ကိုအရိုင်း၊ ကိုမုန်းခက်၊ ကိုဇင်ဝိုင်း၊ မင်းမော်ကွန်းလေးတို့ကိုလည်း ပြောထားတယ်။ စိုင်းစိုင်းခမ်းလှိုင်တို့ကိုလည်း ညကကျနော် ပြောထားပါတယ်။ သူလည်းသဘောတူထားတယ်။ အခု ကျနော်က အင်တာဗျူးတွေလည်း အများကြီး ဖြေနေရတော့ တချို့တွေကို အကြောင်းမကြား နိုင်သေးဘူး။ အကြောင်းကြားရင်တော့ ကျန်တဲ့အနုပညာရှင်တွေလည်း ကျနော်နဲ့အတူ ဝိုင်းဝန်းပါဝင်မယ်လို့ ယုံကြည်ပါတယ်။"

အောက်တိုဘာ ၁၈ ရက် ၈၈ မျိုးဆက်ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုမင်းကိုနိုင်ရဲ့ မွေးနေ့အပြီးမှာ ထောင်တွေမှာ လှည့်လည်အားပေးမယ့်အစီအစဉ်ကို စတင်မှာ ဖြစ်တဲ့အကြောင်းနဲ့ ပထမဆုံး တောင်ကြီးထောင်ကို သွားမယ်လို့ပြောပါတယ်။

အခုလို အကျဉ်းထောင်တွေလှည့်ပြီး လိုက်လံအားပေးတဲ့ အလုပ်ကို ဇောက်ချလုပ်နိုင်ဖို့အတွက် အနုပညာအလုပ်တွေလုပ်ဖို့အချိန် မပေးနိုင်သေးဘူးလို့လည်း ဆိုပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

တခုတည်းနဲ့သာဖြေရှင်းနိုင်မယ်" ဆိုတဲ့ အမြင်တရပ် ထွန်းကားလာအောင် ဝိုင်းဝန်းဆောင်ရွက်ဖို့ နှစ်ဘက်စလုံးက သဘောတူညီ လက်ခံခဲ့ကြပါတယ်။ Pretoria Minute အရ အစိုးရဘက်က ပြည်တွင်းလုံခြုံရေးအက်ဥပဒေကိုပြုပြင်ရေးဆွဲရေးနဲ့ မင်းဒဲလားတို့ဘက်က အေအင်စီရဲ့ လက်နက်ကိုင်လှုပ်ရှားမှုများရပ်ဆိုင်းရေးတို့ကိုလဲသဘောတူညီခဲ့ကြပါတယ်။

မင်းဒဲလားလွတ်မြောက်ပြီး တနှစ်အကြာမှာ အစိုးရဘက်က Apartheid laws တွေကို ပြင်ဆင်ရေးဆွဲဖျက်သိမ်းမှုတွေ ပြုလုပ်မယ်လို့ ကြေငြာခဲ့ပြီး၊ (၁၉၉၁) ခုနှစ် ဖွန်လမှာ the Group Areas Act နဲ့ the Population Registrations Act တွေကို အပြီးအပိုင် ဖျက်သိမ်းပေးခဲ့ပါတယ်။ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ် အကောင်အထည်ဖော်နေဆဲကာလမှာ နှစ်ဘက်စလုံးဟာ အပေးအယူတွေ လုပ်ခဲ့ကြသလို၊ တွန်းအားတွေလဲ အပြန်အလှန်ပေးခဲ့ကြပါတယ်။ ပမာဆိုရရင် မျဉ်းပြိုင်ပြေးလမ်းတွေပေါ်မှာ လျှောက်လှမ်းခဲ့ကြရာက ဆုံမှတ်တခုပေါ် ရောက်ရှိဖို့အတွက် နှစ်ဘက်စလုံးက တစထက်တစ နီးကပ်အောင် ရွှေ့လျားသွားကြတဲ့ သဏ္ဍာန်ဖြစ်ပါတယ်။

လူဖြူအစိုးရဲ့ ပါလီမန်ကြီးကို ဖျက်သိမ်းပေးရမယ်လို့ မင်းဒဲလားတို့က မတောင်းဆိုခဲ့ပါဘူး။ သို့ပေမယ့် မတရားတဲ့ဥပဒေတွေကို ပါလီမန်ကနေပြင်ဆင်လာအောင်၊ ဖျက်သိမ်းလာအောင် စေ့ဆော်တွန်းအားပေးခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ ပြည်ပရောက်နိုင်ငံရေးသမားများ ခြွင်းချက်မရှိ ပြည်တော်ပြန်ခွင့်ရရေးကိစ္စရပ်တွေမှာလဲ မင်းဒဲလားနဲ့ အခြားအတိုက်အခံခေါင်းဆောင်တွေဟာ စိတ်ရှည်ရှည်၊ သွေးအေးအေးနဲ့ ပညာသားပါပါ ကိုင်တွယ်ဖြေရှင်းခဲ့ကြရပါတယ်။

နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးနဲ့ ပြည်ပရောက်နိုင်ငံရေးသမားများ ခြွင်းချက်မရှိ ပြည်တော်ပြန်ခွင့်ရရေးဆိုတာ အတိုက်အခံတွေဘက်က ကြည့်မယ်ဆိုရင် ပထမ ဦးစားပေးအရေးကြီးကိစ္စဖြစ်သလို၊ အစိုးရဘက်ကကြည့်မယ်ဆိုရင်လဲ ပထမဦးစားပေးအရေးကြီးပြဿနာဖြစ်ပါတယ်။ အသက်များ၊ ဘဝများကို လောင်းကြေးထပ်ပြီး၊ ပဋိပက္ခတွေမှာ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြရတာဖြစ်တဲ့အတွက် အတိုက်အခံတွေဘက်မှာလဲ စေ့စပ်ဆွေးနွေးရေးကို ဒူးထောက်အညံ့ခံရေးလို့ တွေ့မြင်ယူဆကြသူတွေရှိနိုင်သလို၊ အစိုးရအဖွဲ့ အတွင်းမှာလဲစေ့စပ်ဆွေးနွေးရေးကို လက်မခံလိုတဲ့ ခေါင်းမာသူများ (Hard-liners) တွေ ရှိနိုင်ပါတယ်။

ဒီလို ခေါင်းမာသူတွေက ရန်သူသဖွယ် ထိပ်တိုက်ရင်ဆိုင်ခဲ့ကြရတဲ့ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရေး၊ ပြည်ပရောက်နိုင်ငံရေးသမားများအား ခြွင်းချက်မရှိ ပြည်တော်ပြန်ဝင်လာရေးစတာတွေကို အမုန်းတရားကြောင့် ဖြစ်စေ၊ လက်စားချေသံသရာကိုကြောက်ရွံ့၍ဖြစ်စေ၊ အတိုက်အခံနိုင်ငံရေးသမားများအားလုံး ပြန်လည်ပေါင်းစည်းသွားပြီးထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းပေါ်ကိုပြန်လည်တက်ရောက်သွားမှာကိုကြောက်ရွံ့၍ဖြစ်စေ အသည်းအသန်ကန့်ကွက်လေ့ရှိကြပါတယ်။ အခန့်မသင့်ရင် စေ့စပ်ဆွေးနွေးရေးလုပ် ဆောင်လိုသူများ (Soft-liners) တွေကို အာဏာရဲ့ ပြင်ပကို ရောက်ရှိသွားအောင် လုပ်ယူတတ်လေ့ရှိကြပါတယ်။ ဒါကြောင့်အတိုက်အခံတွေနဲ့ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို အကောင်အထည် ဖော်ဆောင်လိုသူများဟာ မိမိတို့ အစိုးရအဖွဲ့တွင်းမှာတင် ညှိနှိုင်းမှုတွေ၊ အတွင်းစည်း တိုက်ပွဲတွေ လုပ်ရလေ့ရှိတဲ့ ပြဿနာကြီးတရပ်ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကို မင်းဒဲလားနဲ့ အတိုက်အခံခေါင်းဆောင်များကလဲ သဘောပေါက်နားလည်ပေးခဲ့ကြပါတယ်။ ဒါပေမယ့် တိကျသေချာတဲ့ နိုင်ငံရေးသတင်းစကားတခုကိုတော့ ပြတ်ပြတ်သားသားပဲ ပေးအပ်ထားခဲ့ပါတယ်။ အဲဒါကတော့ "နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနဲ့ ပြည်ပရောက် နိုင်ငံရေးသမားများ ခြွင်းချက်မရှိပြည်တော်ပြန် ဝင်ခွင့်ရှိရေးစတဲ့ကိစ္စရပ်တွေကို ပြေလည်အောင် မဖြေရှင်းနိုင်သေးသမျှ ကာလပတ်လုံး စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို ဆက်လက်ဆောင်ရွက်မှာမဟုတ်သေးဘူး" ဆိုတဲ့ ရှင်းလင်းပြတ်သားသော နိုင်ငံရေး သတင်းစကားပဲဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ပိုလ်ချုပ်ဆေထင် ရန်ကုန်မှာ ကျန်းမာရေး စစ်ဆေးမှုခံယူ

**DVB | အောက်တိုဘာ ၁၃ ။** ။ အကျဉ်းထောင်ကနေ မနေ့က လွတ်လာတဲ့ ထောင်ဒဏ်နှစ်အရှည်ဆုံး နိုင်ငံရေးအကျဉ်းသားရှမ်းခေါင်းဆောင်ပိုလ်ချုပ်ဆေထင်ဟာ ဒီနေ့ရန်ကုန်မြို့မှာ ကျန်းမာရေးဆေးစစ်မှုခံယူနေတယ်လို့ သူ့သမီးနန်းခမ်းပေါင်းက ဒီဗွီဘီကိုပြောပါတယ်။

“အဖေကတော့ ဒီနေ့ သူ့ကျန်းမာရေး ဆေးစစ်တယ်ရှင့်။ နောက်ပြီးတော့ မျက်စိလည်း ပြန်စစ်တာပေါ့။ အခုကတော့ ဓာတ်မှန်ရိုက်တော့ အားလုံး ကောင်းပါတယ်။ ဆေးမစစ်ရတာကြာလို့ သူ့ကိုကျမတို့က သားသမီးအနေနဲ့ သူ့ကို ဆေးစစ်ခိုင်းတာပါ။ မစိုးရိမ်ရဘူးရှင့်။”

ဆေးစစ်ချက်အရ ကျန်းမာရေးအခြေအနေ ပုံမှန်ဖြစ်နေပြီး မျက်မှန်အသစ် ထပ်လဲရကြောင်း၊ မနက်ဖြန် မနက်မှာ လားရှိုးမြို့ကို ပြန်ဖို့ စီစဉ်ထားကြောင်း ပိုလ်ချုပ်ဆေထင်ကိုပြုစုတဲ့ သူ့တပည့်က ပြောပါတယ်။ ပိုလ်ချုပ်ဆေထင်ဟာ မနေ့က စစ်တွေအကျဉ်းထောင်ကလွတ်ပြီး အာဏာပိုင်တွေက သူ့ကို လေယာဉ်နဲ့ရန်ကုန်ကို ပို့ဆောင်ပါတယ်။ ရန်ကုန်မှာ ညအိပ်ပြီး ဒီနေ့မှာ လားရှိုးက မိသားစုဆီကိုပြန်ဖို့ စီစဉ်ထားပေမယ့် လေယာဉ်ခရီးစဉ် မရှိလို့ မပြန်ဖြစ်သေးကြောင်း နန်းခမ်းပေါင်းက ပြောပါတယ်။

“မနက်ဖြန်ကျရင် ရောက် မရောက် အဲဒါ ကျမ သေချာ မပြောနိုင်ဘူးရှင့်။ ဘာဖြစ်လို့လဲဆိုတော့ အဖေက ဆေးစစ်တယ်ဆိုတော့ ဆရာဝန်က ဆေးစစ်ပြီး နောက်ထပ်နေခိုင်းရင်လည်း နေခိုင်းမယ် သို့မဟုတ်ရင်လည်း မနေခိုင်းဘဲနဲ့ မနက်ဖြန် လေယာဉ်ရှိလို့ လေယာဉ်နဲ့ ပါလာရင်လည်း ပါလာလိမ့်မယ်။”

ပိုလ်ချုပ်ဆေထင်ဟာ အသက် ၇၅ နှစ်ရှိပြီး ထောင်ထဲမှာ သွေးတိုးနဲ့ ဆီးချိုရောဂါအတွက် ဆေးတွေ မပြတ် မှီဝဲနေခဲ့ရပါတယ်။ မျက်စိမှာ ရေတိမ်စွဲပြီး ပြီးခဲ့တဲ့ မေလက စစ်တွေ သံဃာ့ဆေးရုံမှာ ခွဲစိပ်ကုသမှု ခံခဲ့ရပါသေးတယ်။ထောင်ဒဏ် ၁၀၆ နှစ် ကျခံရတဲ့ ပိုလ်ချုပ်ဆေထင်ဟာ ပြစ်ဒဏ်ချခံရတဲ့ ၂၀၀၅ ခုနှစ်ကစပြီး စစ်ကိုင်းတိုင်း ခန္တီးထောင်ထဲမှာ အကျဉ်းကျနေခဲ့ပါတယ်။ ၂၀၁၁ နှစ်ဦးပိုင်းမှာ သူ့ကို အာဏာပိုင်တွေက စစ်တွေထောင်ကို ပြောင်းရွှေ့ခဲ့ပါတယ်။

ပိုလ်ချုပ်ဆေထင်ဟာ `နအဖ' စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ထားခဲ့တဲ့ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) အထူးဒေသ (၃) ဥက္ကဋ္ဌဖြစ်သလို ရှမ်းပြည်နယ် ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ သူနဲ့အတူ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင် စတဲ့ ရှမ်းခေါင်းဆောင် ၈ ဦးကို “ရှမ်းပြည်ပညာရှင်များကောင်စီ ဖွဲ့စည်းဖို့ လှုပ်ရှားကြတယ်” ဆိုတဲ့ စွပ်စွဲချက်နဲ့ နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။

## နိုင်ငံရေးအကျဉ်းသားတွေ ထပ်လွှတ်ပေးဖို့ NLD တောင်းဆို

**BBC | အောက်တိုဘာ ၁၃ ။** ။ မြန်မာသမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အရ သီတင်းကျွတ်လပြည့်နေ့က အကျဉ်းသား ၆.၀၀၀ ကျော် ပြန်လွတ်လာတဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်ပါဝင်ပြီး အဲန်အယ်လ်ဒီအဖွဲ့ဝင် ၈၀ ကျော်ပါဝင်တယ်လို့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက အခုလို အကျဉ်းသားတွေ လွှတ်ပေးတာကို ကြိုဆိုပေမယ့် ကျန်ရှိနေသေးတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးဖို့ တောင်းဆိုတယ်လို့ BBC ကိုပြောပါတယ်။

အရင်က လွတ်ငြိမ်းချမ်းသာခွင့်တွေအရ ပြန်လွှတ်ပေးခဲ့တဲ့ အကျဉ်းသားတွေထဲမှာ ပါဝင်တဲ့ နိုင်ငံရေးအကျဉ်းသားအရေအတွက်ထက် အခုတခေါက် ပြန်လွတ်လာတဲ့ အရေအတွက်ဟာ အချိုးအစားအရ များနေတဲ့အချက် အပါအဝင် လက်ရှိအနေအထားအရ နောက်ထပ် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်လာလိမ့်ဦးမယ်လို့ အဲန်အယ်လ်ဒီက မျှော်လင့်နေကြောင်းလည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ ပြုပြင်ပြောင်းလဲရေး၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက် ကြိုးပမ်းနေပါတယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးရေးက အရေးကြီးတယ်လို့ ထင်မြင်ကြောင်းလည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒါပမေယ့် မြန်မာအစိုးရက နိုင်ငံရေးအကျဉ်းသားဆိုတဲ့ စကားအသုံးအနှုန်းကို သုံးဖို့တောင် တွန့်ဆုတ်နေပြီး နိုင်ငံရေး အကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးတာက သူတို့ဘက်မှာ ဘာ အခက်အခဲ တွေများ ရှိနေနိုင်တယ် ထင်ပါသလဲလို့ BBC က မေးရာမှာတော့...

၁၉၈၈ ခုနှစ် ကနေ စတင်ပြီး အာဏာရယူလာတဲ့ အစိုးရအနေ နဲ့ ဒီမိုကရေစီအလေ့အကျင့်တွေ မရှိကြဘူး၊ အဲဒီ အလေ့အကျင့်အတွက် သူတို့ အချင်းချင်းကြားမှာ နားလည်မှုရအောင် ဆောင်ရွက်နေရတဲ့ အခက်အခဲတော့ ရှိလိမ့်မယ်လို့ ယူဆကြောင်းလည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ တခြား ဒီမိုကရေစီလှုပ်ရှားသူတွေကလည်း မြန်မာအစိုးရအနေနဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲနေပြီလို့ အသိအမှတ်ပြုတာခံလိုရင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့လိုတယ်လို့ ထောက်ပြတောင်းဆိုနေကြပါတယ်။

## အေအိုင်ပီအိုင်အမ်စီ နဲ့ အိုင်တီယူစီ ထပ်ပံ တိုက်တွန်း

**RFA | အောက်တိုဘာ ၁၃ ။** ။ သမ္မတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ အကျဉ်းသားခြောက်ထောင်သုံးရာ ငါးဆယ့်ကိုးဦးကို မနေ့က စတင်လွှတ်ပေးရာမှာ နိုင်ငံရေးအကျဉ်းသား ၂၀၀ လောက်ပဲ ပါတယ်လို့ မြန်မာ့အရေး ဆောင်ရွက်နေတဲ့ အာဆီယံ လွှတ်တော်အမတ်များ အဖွဲ့ AIPMC က ပြောပါတယ်။

မြန်မာနိုင်ငံမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အများအပြား ဆက်လက် ထိန်းသိမ်းခံထားရဆဲ ရှိနေတာကြောင့် သူတို့အားလုံးကို ချွင်းချက်မရှိ လွှတ်ပေးဖို့ AIPMC အနေနဲ့ မြန်မာအစိုးရကို ထပ်ပြီး တိုက်တွန်းပါတယ်လို့ အမှုဆောင် ညွှန်ကြားရေးမှူး Agung Putri Astrid က အာအက်ဖ်အေ ကို ပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးတာကို AIPMC ကြိုဆိုပါတယ်။ ဒါပေမယ့် နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးဖို့ အချိန်အကြာကြီး ဆွဲနေတာကြောင့် မြန်မာအစိုးရရဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်တွေကို AIPMC အနေနဲ့ သံသယဖြစ်မိတယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်း အထူးသဖြင့် အာဆီယံအနေနဲ့လည်း မြန်မာအစိုးရ လုပ်ရပ်ကို စောင့်ကြည့်ဖို့ AIPMC က သတိပေးထားပါတယ်။

အလားတူပဲ နိုင်ငံတကာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ITUC အနေနဲ့လည်း လွတ်မြောက်လာသူတွေထဲမှာ အလုပ်သမားသမဂ္ဂအဖွဲ့ဝင် (၇) ဦးပါဝင်တာကို ကြိုဆိုတယ်လို့ မနေ့က ထုတ်ပြန်ကြေညာပါတယ်။ ဒါပေမယ့် အကျဉ်းထောင်တွေထဲမှာ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်တွေ၊ အလုပ်သမားအရေးလှုပ်ရှားသူတွေ အများအပြားထိန်းသိမ်းခံထားရဆဲဖြစ်တယ်လို့ ကြေညာချက်မှာဖော်ပြထားပါတယ်။ ဒါကြောင့် နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ ချက်ချင်းလွှတ်ပေးဖို့ ITUC အနေနဲ့ တောင်းဆိုလိုက်ကြောင်း ဖော်ပြထားပါတယ်။

# မိုးပြဲ ရေကာတာ ဖောက်ချမှုကြောင့် လှိုင်ကော်မြို့ ရေလွှမ်း

**DVB ၊ အောက်တိုဘာ ၁၄ ။** ။ ကယားပြည်နယ် မိုးပြဲရေကာတာက ရေဖောက်ချလို့ လှိုင်ကော်မြို့တဝိုက် ရေလွှမ်းမိုးနေပါတယ်။ မိုးပြဲရေကာတာကို သက်ဆိုင်ရာကဖောက်ချတာကြောင့် အောက်တိုဘာလ ၁၀ ရက်ကစပြီး လှိုင်ကော်မြို့နားက ရွာတချို့ ရေမြုပ်ကုန်တယ်လို့ ရေဘေးလွတ်ရာ တိမ်းရှောင်လာတဲ့ ဒေသခံတဦးက ပြောပါတယ်။

"စက်တင်ဘာ ၂၈ ရက်ကစပြီးတော့ ရေလွှတ်တယ်။ ၉ ရက်မြောက်တဲ့အခါ ဖောင်းတောရယ်၊ ဘုရားဖြူရယ် ဘုရားနီရယ်မှာ အိမ်ခြေက ၃၀၀ ကျော်မယ်။ လူဦးရေက ၂၀၀၀၀ လောက်ရှိမယ်။ အဲဒီမှာ မြုပ်ကုန်ပြီ။ လူတွေ အကုန်လုံးပြောင်းကုန်ပြီ။ လွယ်ကော်ဘက် နန်းကွတ်က တကယ့် စိုးရိမ်ရတဲ့နေရာတွေ အဲဒီမှာရေထပ်များလာရင်တော့ ဟိုးဘက်အောက်ရေကလျှံသွားမှာလေ။"

KDRG ခေါ် ကရင်နီဖွံ့ဖြိုးရေး သုတေသနအဖွဲ့က တာဝန်ခံ ခူသောရယ်က ရေဘေးဒုက္ခသည်တွေမှာ အရေးပေါ်အကူအညီတွေလိုနေတယ်လို့ ဆိုပါတယ်။

"ရေကလည်းဖောက်ချနေတုန်းပဲ။ ရွာ ၃ ရွာကတော့ ရေမြုပ်တာပေါ့နော်။ တထပ်အိမ်ဆို ခေါင်မိုးအထိ ရေရောက်တယ်။ ဘုရားဖြူ ဘုရားနီ၊ ခေါင်းတော အဲဒီမှာတော့ ရေအဆိုးရွားဆုံးကြီးတယ်။ လှိုင်ကော်မြို့ပေါ်တွေမှာလည်းကြီးတယ်။ ဒါပေမယ့် အဲဒီ ၃ ရွာလောက်တော့ ရေက မတက်ဘူးပေါ့။

အစိုးရက လူတွေကို ထွက်သွားဖို့တော့ တိုက်တွန်းတာတွေရှိတယ်။ အကူအညီကတော့ ဒေသခံလူမှုအဖွဲ့အစည်းတွေကပဲ သူ့နည်းသူ့ဟန်၊ ကိုယ်ထူကိုယ်ထနဲ့ပဲ အချင်းချင်းကူကြတယ်။ သူတို့ အရေးတကြီး လိုအပ်နေတာက လောင်စာပေါ့နော်၊ မီးသွေး သောက်ရေရယ်၊ အစားအစာပေါ့၊ နောက်တခုက ဆေးဝါး။"

မိုးပြဲရေကာတာက ရေဆက်စပ်စီးဆင်းလာတဲ့ ဘီးလင်းချောင်းမြစ်ဝှမ်းတလျှောက်မှာရှိတဲ့ စိုက်ပျိုးရေးနယ်မြေတွေ ရေလွှမ်းမိုးတာကြောင့် စိုက်ပျိုးရေးထွက်ကုန်သီးနှံတွေ ပြတ်လပ်လာတဲ့အပြင် ဆန်ဈေး ၂ ဆနီးပါးတက်သွားပြီ ဖြစ်ပါတယ်။

အရင် ကျပ် တသောင်းခွဲပေးရတဲ့ သုံးပုံးဝင် ရှမ်းဆန်အိတ်ငယ် တအိတ်ကို အခု ကျပ် ၂ သောင်းခွဲနီးပါးပေးရပြီး ဇမာဆန်ကတော့ ကျပ် တသောင်းခွဲအထိ ဈေးတက်နေပါတယ်။

ကယားပြည်နယ်မှာ မနှစ်က မိုးခေါင်ခဲ့လို့ ဆန်စပါးမထွက်နိုင်ခဲ့သလို အခုနှစ်မှာတော့ ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးထားတဲ့ဆန်စပါးတွေ အားလုံးနီးပါးပျက်စီးကုန်ပြီဟု ဒေသခံတွေက ပြောပါတယ်။

ကယားပြည်နယ်မှာရှိတဲ့ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ပံ့ပိုးဖို့ မိုးပြဲရေကာတာကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးနေ ဝင်းအစိုးရလက်ထက် ၁၉၆၂ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီရေကာဆောက်လုပ်မှုကြောင့် ကယား၊ကယန်း၊ ပဒေါင်နဲ့ ပအို့ လူမျိုးတွေ အခြေချနေထိုင်ခဲ့တဲ့ ရွာပေါင်း ၂၄ ရွာ ရေ အောက်ကို မြုပ်သွားပါတယ်။

မိုးပြဲရေကာတာရေလျှံမှုကြောင့် ကယားပြည်နယ်မှာ အခုလို ရေလွှမ်းမိုးမှုတွေ ဖြစ်နေပေမယ့် မြန်မာအစိုးရနဲ့ ချုပ်ဆိုထားတဲ့ နားလည်မှု စာချွန်လွှာတွေအရ တရုတ်ကုမ္ပဏီဟာ ဒီနှစ်အတွင်း ရေကာတာ ၃ ခုကို ကယားပြည်နယ်အတွင်း တည်ဆောက်ရေးအတွက် ပြင်ဆင်နေကြတယ်လို့လည်း သိရပါတယ်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**